# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိမိပြုဖွယ် အမှုကိစ္စ

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋကတ်(ဓမ္မပဒ-၂၁၇)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ် (၁၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၃) ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪


## အချပ်ပို (၈) မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ** အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

**ယနေ့** *ဖတ် စ ရာ*

## နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း


ပြည်တွင်းသတင်း | စာ ၂

မြန်မာ့အလင်း

## နိုင်ငံ၏ ပကတိအခြေအနေနှင့် အကြမ်းဖက်အဖျက်ဆန့်ကျင်ရေး

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများမှသည် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းခဲ့မှုများ ဖြစ်ပေါ်ခဲ့ကာ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာခဲ့ရပြီးနောက် နှစ်နှစ်တင်းတင်း ပြည့်သည့်ကာလသို့ ရောက်သည်အထိ မိမိတို့နိုင်ငံ၏အခြေအနေမှာ ပုံမှန်အနေအထားသို့ ပြန်လည်မရောက်ရှိသေးသည်မှာ လူတိုင်းသိရှိသော အကြောင်းအရာတစ်ရပ်ပင်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့ကို ထောက်ပံ့ပေးနေသည့် အနောက်အုပ်စု နိုင်ငံအချို့တို့ကြောင့် ပြည်တွင်း၌ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အဖျက်လုပ်ငန်းများ ဖြစ်ပေါ်နေဆဲ တစ်နည်းအားဖြင့် သာမန်မဟုတ်သော အခြေအနေတွင် ရှိနေဆဲဖြစ်သည်။

ပြည်သူ့တော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဝန်ထမ်းအငြိမ်းစားသက်ကြီးရွယ်အိုများ၊ ရဟန်းသံဃာများ၊ သီလရှင်များအပါအဝင် သေကျေမှုအရေအတွက် ကိန်းဂဏန်းများမှာ တိုးလာနေသည်။ ထို့အပြင် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကိုလည်း ဒေသအနှံ့အပြားတွင် ကျူးလွန်လျက်ရှိပြီး လျှပ်စစ်တာဝါတိုင်များ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ရထားလမ်း၊ ကားလမ်းနှင့် တံတားများစွာတို့မှာလည်း အကြမ်းဖက်သောင်းကျန်းသူတို့လက်ချက်ဖြင့် ဖျက်ဆီးခံနေကြရသည်။ ဒေသအချို့တွင် ဝန်ထမ်းများနှင့် အေးချမ်းစွာနေလိုသော ပြည်သူတို့မှာ အသက်အန္တရာယ်ခြိမ်းခြောက်မှုနှင့် ဖိအားပေးအကျပ်ကိုင်မှုများအောက်သို့ ရောက်ရှိနေကြရပြီး မြို့ကြီးများဆီသို့ တိမ်းရှောင်နေထိုင်နေကြရသူ များစွာရှိကြောင်း စသည်တို့ကိုလည်း ကြားသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို အတိအလင်း ချမှတ်ဆောင်ရွက်လျက်ရှိရာ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်အုပ်စုများဖြစ်ကြသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ရယူနိုင်ရေးအတွက် ၂၀၂၃ ခုနှစ်ကို မီးကုန်ယမ်းကုန် ဖျက်ဆီးတိုက်ခိုက်မှုများ၊ အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ တိုးမြှင့်ပြုလုပ်မည့် အကြံအစည်ဖြင့် ကြိုးပမ်းပြုလုပ်လာလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများ၏ ဒဏ်ရာဒဏ်ချက်အကျိုးဆက်များကို နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသည့် မိမိတို့နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းဆီသို့ အဆင်အခြင်မဲ့ တွန်းပို့နေသော အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးနိုင်ငံအချို့၏ လုပ်ရပ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်ဖြင့် ဆန့်ကျင်ရှုတ်ချကြရပါမည့် အကြောင်း။ ။

# နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆ / ၂၀၂၃**
**၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်**
**( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နေပြည်တော်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၀ တွင် –

(က) ပုဒ်မခွဲ (ဏ)၏ နောက်တွင် ပုဒ်မခွဲ (တ)နှင့် ပုဒ်မခွဲ (ထ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“(တ) ကော်မတီက မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ထားသည့် အဖွဲ့၊ အဖွဲ့ဝင်နှင့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကို ဟန့်တားနှောင့်ယှက်သူများအား အရေးယူခြင်း၊**

**(ထ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ရငွေ၊ အခွန်အခများ၊ စီမံခန့်ခွဲမှုဒဏ်ကြေးနှင့် တရားရုံးဒဏ်ငွေများကို စီမံခန့်ခွဲခြင်း၊”**

(ခ) မူလပုဒ်မခွဲ(တ)ကို ပုဒ်မခွဲ (ဒ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၄ တွင် ပါရှိသော **“ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ”**ဆိုသည့်စကားရပ်ကို **“ကျပ်ခုနစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၆ တွင် ပါရှိသော **“သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ”**ဆိုသည့် စကားရပ်ကို **“ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ”**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **“ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”**ဆိုသည့် စကားရပ်ကို **“ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ”**ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၅။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“၃၃–က။ ကော်မတီကရရန်ရှိသည့် အခွန်ကြွေးကျန်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုအခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။”**

၆။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

**“၃၇–က။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်သူများကို တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ရာခိုင်နှုန်းသတ်မှတ်၍ ဆုကြေးငွေအဖြစ် ချီးမြှင့်နိုင်သည်။”**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“KNPP/ PDF အကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး”**ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် သလဲဘာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူပြီး အပြစ်မဲ့ပြည်သူ ရှစ်ဦး သေဆုံး၊ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၃) ကျင်းပစဉ်။

*❂ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး တက်ရောက်ကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအနေဖြင့် ကျန်းမာရေးအခြေအနေအရ အစည်းအဝေးမတက်ရောက်နိုင်ကြောင်း ခွင့်ပန်ကြားခဲ့သည်။

### အကျယ်တဝင့် ရှင်းလင်းပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုများနှင့် အဆိုပါမဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းပေးခဲ့ခြင်းမရှိဘဲ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် နိုင်ငံတော်တစ်ဝန်းလုံးကို အရေးပေါ်အခြေအနေကြေညာခဲ့ရသည်အထိ ဖြစ်ပွားခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အသစ် ဖွဲ့စည်း၍ မဲစာရင်းစစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ မဲမသမာမှုတွင် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေများ၊ NLD ပါတီဥက္ကဋ္ဌနှင့် သမ္မတဟောင်းတို့က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အပေါ် တိုက်ရိုက်နှင့်သွယ်ဝိုက် ဖိအားပေးဆောင်ရွက်မှုအခြေအနေများ၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေများ၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွတ်ငြိမ်းသက်သာခွင့်များပေးခဲ့သည့် အခြေအနေများ၊ နောင်လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှန်ကန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေအနေများ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရရှိမှု၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေများနှင့် နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ရယူရန်ကြိုးပမ်းလုပ်ဆောင်လာမှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

### ဝိုင်းဝန်းသုံးသပ်ဆွေးနွေး

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြသည်။

### ထုတ်ပြန်ပေးသွားမည်

ယာယီသမ္မတအပါအဝင် တက်ရောက်လာသူအားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်ကို အလုံးစုံပျက်သုဉ်းစေလိုသည့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက် ဖုံးခွဲတိုက်ခိုက်ခြင်း၊ ပြည်သူများကို လက်နက်ကိုင်ခြိမ်းခြောက်အကျပ်ကိုင်ခြင်း တို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် သာမန်မဟုတ်သော အခြေအနေတွင် ရှိနေဆဲဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းနှင့် လိုအပ်သည့် ထုတ်ပြန်ကြေညာချက်ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်သို့ရောက်ရှိလာသည့်လျှပ်စစ်သုံးယာဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့သဖြင့် ဗဟိုအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။

ထိုသို့ ဖွဲ့စည်းပြီးနောက် စိတ်ပါဝင်စားသည့်ကုမ္ပဏီ ၂၆ ခုမှ လာရောက်တွေ့ဆုံပြီး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လှိုင်မြို့နယ်ရှိ Chin Dwin Shan Construction Co., Ltd. မှ လူစီး ၂၀နှင့် တက္ကစီ ၁၀စီး၊ ဗဟန်းမြို့နယ်ရှိ NPK Motors MG



Myanmar Co., Ltd. တို့မှ တက္ကစီ ၁၀ စီးတို့အား မြန်မာနိုင်ငံသို့ပထမအကြိမ်တင်သွင်းခဲ့ရာ လှိုင်မြို့နယ်ရှိ ကားအရောင်းစင်တာသို့ ရောက်ရှိလာသော လျှပ်စစ်သုံးယာဉ်များကို ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်ကြည့်ရှုလေ့လာကြရာ ကုမ္ပဏီတာဝန်ရှိသူများက လျှပ်စစ်သုံးယာဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။(ဝဲပုံ)

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ်ရှိ ကားအရောင်းစင်တာသို့ရောက်ရှိလာသည့် လျှပ်စစ်သုံးတက္ကစီယာဉ်များနှင့်လူစီးယာဉ်များကို ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက လျှပ်စစ်သုံးယာဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်သုံးယာဉ်အသုံးပြုမှုအတွက် အခွန်အခကင်းလွတ်ခွင့်များ၊ အခြားသက်သာခွင့်များ၊ ပြည်တွင်း၌လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ကနဦးရှေ့ပြေးစီမံကိန်းကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှ တင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး အများသုံး Level–3 အဆင့် Charging Station များအား ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားမှတ်တိုင်များ၊ Car Parking နှင့် အခြားသင့်လျော်သည့်နေရာများတွင် တည်ဆောက်နိုင်ရေး၊ ရေရှည်တွင် လျှပ်စစ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် ဦးစားပေးမြှင့်တင်သည့် ရင်းနှီးမြှုပ်နှံကဏ္ဍတွင် ထည့်သွင်းထားရှိရေးတို့ကို ပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော စေတနာရှင်၊ အလှူရှင်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

### ၇၂ နာရီ မိနစ် ၅၀ ကြာမြင့်ခဲ့

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ **ပင့်ဆောင်နိုင်ရန်အတွက် ကနဦးလုပ်ငန်းဖြစ်သည့် ပင့်ထောင်ခြင်းလုပ်ငန်းများကို** သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်အချိန်မှစတင် ပင့်ထောင်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် ဆင်းတုတော်ကြီး လဲလျောင်းနေရာ ၀ ဒီဂရီမှ ၂၆ ဒီဂရီအထိ အမြင့်အားဖြင့် ၃၁ ပေအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၇ ရက်တွင် ၂၆ ဒီဂရီမှ ၅၁ ဒီဂရီအထိ အမြင့်အားဖြင့် ၅၂ ပေအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် ၅၁ ဒီဂရီမှ ၆၈ ဒီဂရီအထိ အမြင့်အားဖြင့် ၆၃ ပေအထိ လည်းကောင်း၊ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ အမြင့်အားဖြင့် ၇၅ ဒသမ ၅ ပေအထိ ပင့်ထောင်ပူဇော်ခဲ့ပြီး ဆင်းတုတော်အစိတ်အပိုင်းကြီးအား ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြာမြင့်ချိန်အားဖြင့် ၇၂ နာရီ မိနစ် ၅၀ ကြာမြင့်ခဲ့သည်။

### ပင့်ဆောင်ခဲ့သည့် အကွာအဝေး ၈၁ ပေ

အထက်ပါ ပင့်ထောင်ပြီးစီးသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၉ ရက် ည ၁၁ နာရီ ၁၆ မိနစ်ခန့်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီ ၁၇ မိနစ်ခန့်တွင် ရတနာပလ္လင်တော် အနီး နေရာအထိ ပင့်ဆောင်နိုင်ခဲ့ပြီး စုစုပေါင်း ပင့်ဆောင်ခဲ့သည့် အကွာအဝေးမှာ ၈၁ ပေ ဖြစ်ကာ ကြာမြင့်ချိန် ၁၁ နာရီ ၁ မိနစ်ခန့် ကြာမြင့်ခဲ့သည်။

### အောင်မြင်စွာ ပင့်ဆောင်နေရာချထားနိုင်ခဲ့

အဆိုပါ ရတနာပလ္လင်တော်အနီးနေရာအထိ ပင့်ဆောင်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ယနေ့နံနက် ၁ နာရီ ၃၅ မိနစ်တွင် အမြင့် ၉ လက်မ ပင့်တင်ပြီး ပလ္လင်ပေါ်သို့ ဆက်လက်ပင့်ဆောင်ခဲ့ရာ နံနက် ၁၁ နာရီ ၃၄ မိနစ်တွင် ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်နေရာချထားနိုင်ခဲ့ကြောင်းနှင့် အဆိုပါ ပင့်ဆောင်နေရာချထားမှုလုပ်ငန်းကြာမြင့်ချိန်မှာ ၉ နာရီ ၅၉ မိနစ်ခန့် ကြာမြင့်ခဲ့သည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်ပြီးစီးမှုကို ဖူးတွေ့ရစဉ်။

### တန် ၃၈၀၀ အသုံးပြု

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ထုဆစ်ပြီးစီးသည့် ဆင်းတုတော် အစိတ်အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ဝန်ချီစက် ရှစ်လုံးပါ သံမဏိမျှော်စင် တည်ဆောက်ခြင်း၊ ဆင်းတုတော် ပင့်ဆောင်ရာတွင် ထုဆစ်ပြီးကျောက်သားများ ထိခိုက်မှု မရှိစေရန် သံမဏိပန်းတောင်းတည်ဆောက်ခြင်းတို့ကို အချိန်အားဖြင့် ခုနစ်လကြာပြီး သံထည်ပစ္စည်းတန်ချိန်အားဖြင့် တန် ၃၈၀၀ အသုံးပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့်ပူးပေါင်းကာ တပ်မတော်သား အင်ဂျင်နီယာများက တည်ဆောက်ခဲ့သည်။

### အားသွန်ခွန်စိုက် ကြိုးပမ်း

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ ကြီးမားလေးလံသည့် ပစ္စည်းကို မ တင်ရွှေ့ပြောင်းဖူးသည့် နည်းပညာ၊ အတွေ့အကြုံနှင့် စက်ယန္တရားများ အသုံးမပြုခဲ့ဖူးသော်လည်း ယခုမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းအင်ဂျင်နီယာ အသီးသီးတို့၏ အတွေ့အကြုံများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းပြီး ဒီဇိုင်းရေးဆွဲတွက်ချက်ခြင်း၊ စစ်ဆေးခြင်းတို့တွင် ခေတ်မီနည်းပညာများကို အသုံးပြုတွက်ချက်၍ တည်ဆောက်ခဲ့သည်။

### လေ့လာဖူးမြော်ကြည်ညိုနိုင်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးနှင့် ဆင်းတုတော် ထည့်သွင်းထားသည့် သံမဏိရတနာပန်းတောင်းတော်တို့၏ အလေးချိန် ၂၃၆၇ ဒသမ ၅ တန်တို့အား သံမဏိမျှော်စင်တွင် ဝန်ချီစက် ရှစ်လုံးတို့ဖြင့် ပင့်ဆောင်၍ ဆင်းတုတော် အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ အောင်မြင်စွာ ပင့်ဆောင်နေရာချထားနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် အများပြည်သူများ စိတ်နှလုံးအေးချမ်းစွာ လာရောက်ဖူးမြော်နိုင်စေရန်၊ တရားဘာဝနာများ အေးချမ်းစွာ ပွားများအားထုတ်နိုင်စေရေးနှင့် မြတ်ဗုဒ္ဓ၏ နှုတ်ကပါဠ်တော်ပိဋကတ်သုံးပုံတို့အား လေ့လာဖူးမြော်ကြည်ညိုနိုင်စေရေးတို့အတွက် တည်ဆောက်ပူဇော်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမတို့က မာရ ဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ သာသနာတော် ထွန်းလင်း တောက်ပလျက်ရှိသည်ကို ကမ္ဘာ ကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော် မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက် စည်ကားမှုကို အထောက်အကူ ဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်အတွင်း၌ သာသနာ တော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာ ပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာ ဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေ ကျမ်းဂန်များနှင့်အညီ တည် ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး ရတနာပလ္လင်တော် ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်း ကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ် ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေ ထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည် ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလိုဂရမ် အပါ အဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ တော်များ၊ နိုင်ငံတကာမှ ငွေ ဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေ ငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံ ထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ် ပါသဖြင့် ကုသိုလ်တော် ရေရှည် တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန် ကျောက်မျက်ရတနာများ ဌာပနာ ကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော် ထားလျက်ရှိရာ (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမ များ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင် လှူဒါန်းလျက်ရှိကြပြီး ယနေ့ တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၁၅ ကျပ်သား ၅ ပဲ ၅ ရွေး၊ ကျောက် မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၃ ကျပ်သား ၇ ပဲ ၄ ရွေး၊ ပုလဲ နှင့် ကျောက်မျက်ရတနာမျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၁၂ ကျပ်သား ၄ ပဲ ၂ ရွေး၊ ကျောက် မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၅ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ နှင့် နိုင်ငံ့ဂုဏ်ဆောင်ဘွဲ့တံဆိပ် များ၊ အလှူငွေကျပ် ၂၁၅၀၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁ ကျပ်သား ၅ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည် ပစ္စည်း ၁၀ ကျပ်သား၊ ပုလဲ၊ ကျောက်မျိုးစုံနှင့် ငွေထည်ပစ္စည်း များ၊ အလှူငွေကျပ် ၁၁၈ သိန်း တို့ကို လာရောက်လှူဒါန်းခဲ့ ကြောင်း၊ ထို့ပြင် အခြားတိုင်း ဒေသကြီးနှင့် ပြည်နယ်များ၌ လည်း ရွှေထည် ၁၀ ကျပ်သား ၁၀ ပဲ ၂ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄ ကျပ်သား ၄ ပဲ ၂ ရွေး၊ ပတ္တမြားဆင်းတုတော် တစ် ဆူ၊ ၁ ဒသမ ၄ ဂရမ်ရှိ ပတ္တမြား နားကပ် တစ်ရန်၊ ပုလဲ ၂၇ လုံး၊ ပီခြူးလက်ကောက် နှစ်ကွင်းနှင့် ကျောက်မျိုးစုံတို့ကို ဌာပနာ သွင်းလှူပူဇော်ရန် အတွက် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လာရောက် လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(၇)ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေ ဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာ တော်ထပ်မံထည့်သွင်း သွင်းလှူ ပူဇော်လိုပါက နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများ ထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင် ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**သတင်းစဉ်**



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်များက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ သက်ဆိုင်ရာ တာဝန်ရှိသူများထံ လာရောက်လှူဒါန်းစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်များက နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေရှိ သက်ဆိုင်ရာတာဝန်ရှိသူများထံ လာရောက်လှူဒါန်းစဉ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဇန်နဝါရီ ၃၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီလ ၈ ရက်အထိ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီး အောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဗိုလ်မှူးချုပ် ကျော်စိုးဦး | ၀၉-၃၉၁၀၀၅၄၇ | နေပြည်တော် |
| (ဃ) | ဗိုလ်မှူးချုပ် မြတ်သူစိုး | ၀၉-၃၉၁၀၀၉၃၂ | မြစ်ကြီးနား |
| (င) | ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း | ၀၉-၃၉၁၀၃၉၇၅ | လားရှိုး |
| (စ) | ဗိုလ်မှူးချုပ် ဝင်းဇော်မိုး | ၀၉-၃၉၁၀၃၂၆၆ | တောင်ကြီး |
| (ဆ) | ဗိုလ်မှူးချုပ် သန်းထွန်းအောင် | ၀၉-၃၉၁၀၃၄၈၂ | ခိုလမ် |
| (ဇ) | ဗိုလ်မှူးချုပ် ကျော်ထက် | ၀၉-၃၉၁၀၄၀၉၅ | ကျိုင်းတုံ |
| (ဈ) | ဗိုလ်မှူးချုပ် ကျော်သူရအေး | ၀၉-၃၉၁၀၁၅၄၁ | မော်လမြိုင် |
| (ည) | ဗိုလ်မှူးချုပ် သစ်လွင်ထူး | ၀၉-၃၉၁၀၀၇၈၇ | မြိတ် |
| (ဋ) | ဗိုလ်မှူးချုပ် ဝင်းမြင့်နိုင် | ၀၉-၃၉၁၀၃၂၈၃ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ဎ) | ဗိုလ်မှူးချုပ် အောင်ခင်ဇော် | ၀၉-၃၉၁၀၀၃၄၈ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ် ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင် | ၀၉-၃၉၁၀၀၃၄၅ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီး အောင်လွင် | ၀၉-၃၉၁၀၁၇၄၈ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဗိုလ်မှူးချုပ် အောင်ခိုင်ချို | ၀၉-၃၉၁၀၀၆၃၂ | တောင်ငူ |

သတင်းစဉ်



# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အတည်ပြုလက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ဖွင့်ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရေးဆွဲညှိနှိုင်းစိစစ်ပြီးဖြစ်သည့် “နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ” ကို ကော်မရှင်အဖွဲ့ဝင်များက အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် တင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်သည်။ (ဓါတ်ပုံ)

ထို့နောက် ရွေးကောက်ပွဲနှင့်စပ်လျဉ်းသော အထွေထွေကိစ္စရပ်များကို အဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁ / ၂၀၂၃ )**
၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် **“နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ”** ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃ / ၂၀၂၃ )**
၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )

**နိုင်ငံရေးပါတီ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သော ပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ နေပြည်တော်သို့ ဤကြေညာချက် ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ / ၂၀၂၃ )**
၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း ၁၁ ရက်
( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၁ ရက် )

**နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၃။ နိုင်ငံရေးပါတီ တည်ထောင်လိုသူများသည် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂)၊ နေပြည်တော်သို့ ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

**( ပုံ ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေကကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရဟာသ်ာတကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ဣန္ဒာသယ(ခ) ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာကုသိုလ်တော် ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ညောင်တုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ အေးချမ်းမြေကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းများကျရောက်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်မှသာ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း သိသိသာသာ ပြောင်းလဲနိုင်မည်



**နေပြည်တော် ဇန်နဝါရီ ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ ညနေပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် မဒန်းရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ဆည်ရေပေးဝေမှု၊ ရေသောက်စနစ်နှင့် အကျိုးပြုဧရိယာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

မဒန်းရေလှောင်တမံတွင် ယခုနှစ် ဝင်ရေ ၇၁ ရာခိုင်နှုန်း သိုလှောင်ထားနိုင်ပြီး မဒန်းရေလွှဲဆည်နှင့် တည်ဆောက်ပြီး ရေသောက်စနစ်မှ ဆောင်းသီးနှံ မတ်ပဲ ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်းသီးနှံ ဧက ၂၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။ ရေသောက်စနစ် စတင်တည်ဆောက်ဆဲ ကာလဖြစ်သည့် ယမန်နှစ်က နွေစပါး ဧက ၈၀၀ စိုက်ပျိုးခဲ့သော်လည်း ယခုနှစ် နွေစပါး ဧက ၂၄၀၀ အတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရေသောက်စနစ်အားလုံး ပြီးစီးပါက စိုက်ပျိုးမြေဧက ၆၀၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မဒန်းရေသောက်စနစ် လက်တံမြောင်း (၅) ရွှေပြည်အေးကျေးရွာအနီး ရှင်းလင်းဆောင်တွင် မဒန်းရေသောက်စနစ်အတွင်းရှိ ရေအသုံးချသူများအဖွဲ့ (WUG) ဝင် တောင်သူများ၊ ဒေသနေပြည်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးပြောကြားရာတွင် နိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို စံပြဒေသအဖြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်လျက်ရှိရာတွင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေးနှင့် လယ်ယာထွက်ကုန် အခြေခံကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံထုတ်လုပ်မှု တိုးတက်စေရန် မျိုးစေ့၊ သွင်းအားစု၊ စိုက်ပျိုးရေနှင့် နည်းပညာရရှိရေးအပြင် ဈေးကွက်နှင့် ချိတ်ဆက်ပေးရေးအထိ မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ၊ ဆက်စပ်အသင်းအဖွဲ့များ ၊ လုပ်ငန်းရှင်များနှင့် တောင်သူတစ်ဦးချင်း ချိတ်ဆက်ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့အနေဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းက ပိုမိုထိရောက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဧရိယာတစ်ကွင်းတစ်ဆက်တည်းအတွင်းရှိ စိတ်တူကိုယ်တူ တောင်သူများ စုပေါင်းပြီး လယ်ယာကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်ကြစေလိုကြောင်း၊ စုပေါင်း မတည်ငွေဖြင့် တောင့်တင်းခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှု၊ အရည်အသွေးတူ၊ အမျိုးတူသီးနှံကို တစ်အုပ်တစ်မ စိုက်ပျိုးထုတ်လုပ်မှုများကြောင့် လက်ကားဈေးကွက်ကို တိုက်ရိုက်တင်ပို့နိုင်မည်ဖြစ်၍ ဈေးကွက်သေချာမှု ရှိရုံသာမက ကုန်သွယ်မှုအဆင့် လျှော့ချနိုင်မှုနှင့်အတူ ဈေးကွက်ဝေစုအကျိုးအမြတ်လည်း ခံစားနိုင်ကြမည်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းတိုးရေးအတွက် ခေတ်မီ စိုက်ပျိုးမှုနည်းစနစ် ပြောင်းလဲကျင့်သုံးသကဲ့သို့ လယ်ယာကုန်ထုတ်လုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ခေတ်စနစ်နှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်မှသာ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း သိသိသာသာ ပြောင်းလဲနိုင်ကြမည်ဖြစ်၍ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ရေအသုံးချသူများအဖွဲ့ (WUG) ဝင် တောင်သူများ၊ ဒေသနေပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဆည်ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရေး၊ တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးဖြည့်စွက်ဆွေးနွေးပြီး ဒေသ၏ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိတ်အခြေအနေနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းဆောင်ရွက်နေမှုများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာစာအမှတ် (၅ / ၂၀၂၂) ဖြင့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၂၈ ခုမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်လစ်လပ်ရာထူး ၁၀၉၁ နေရာအတွက် ရေးဖြေစာမေးပွဲ အမှတ်စဉ် (၂ / ၂၀၂၂) ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် စာစစ်ဌာန ငါးခု၌ ကျင်းပခဲ့သည်။**



အဆိုပါ ရေးဖြေစာမေးပွဲတွင် ဖြေဆိုသူ ၂၃၃၄ ဦးထဲမှ ရေးဖြေအောင်မြင်သူ နိုင်ငံ့ဝန်ထမ်း အမှုထမ်းများနှင့် ပြင်ပဖြေဆိုပုဂ္ဂိုလ် ၇၄၇ ဦးတို့အား စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းကို ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၇ ရက်အထိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ် (၁၇) နေပြည်တော်၌ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများတွင် ရွေးချယ်ခန့်ထားမည့် ရေးဖြေစာမေးပွဲအောင် နိုင်ငံ့ဝန်ထမ်းအမှုထမ်းများနှင့် ပြင်ပဖြေဆိုပုဂ္ဂိုလ်များအား နေပြည်တော် ရုံးအမှတ် (၁၇) ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များက လူတွေ့စစ်ဆေးရေးအဖွဲ့များခွဲ၍ လူတွေ့စစ်ဆေးနေမှုများ၊ စိတ်အခြေအနေ စစ်ဆေးရေးအဖွဲ့များက ရေးဖြေနှင့် လူတွေ့စိတ်စစ်ဆေးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် စာမေးပွဲဖြေဆိုရန် လာရောက်ကြသည့် နိုင်ငံ့ဝန်ထမ်း အမှုထမ်းများနှင့် ပြင်ပဖြေဆို ပုဂ္ဂိုလ်များအား လိုက်လံနှုတ်ဆက်ပြီး (ယာပုံ) နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန် ထမ်းဆောင်မည့်သူများ အနေဖြင့် အရည်အချင်း ပြည့်ဝပြီး နိုင်ငံနှင့် လူမျိုးအတွက် ကောင်းမွန်သော ဝန်ဆောင်မှုပေးလိုစိတ်များ ထားရှိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဘဝတိုးတက်မှုအတွက် ကြီးမားသော အပြောင်းအလဲ အောင်မြင်မှုဖြစ်၍ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားဖြေဆိုကြရန် အားပေးစကားပြောကြားသည်။

ကျန်ရှိသော စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များက လူတွေ့စစ်ဆေးရေး ဘုတ်အဖွဲ့များခွဲ၍ ဆက်လက်စစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ကုတ်မြို့နယ် မအီမြို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မအီမြို့ရှိ ရတနာ့မာရ်အောင်တောရ ဓမ္မရိပ်သာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၄၅၂ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဖျားနာ ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ (ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# မြန်မာ-ရုရှား နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ထူထောင်မှု စိန်ရတုနှစ်ပတ်လည်ကာလတွင် ယခုလိုတွေ့ဆုံရသဖြင့် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဦးစွာ နှုတ်ခွန်းဆက်စကား ပြောကြား၍ နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**






# တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်လျှင် တောင်သူဝင်ငွေသုံးဆရနိုင်သည့် အခွင့်အရေးကောင်းဖြစ် ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်ပတ်သက်သူများ၏ ဝင်ငွေလည်း တိုးတက်လာမည်

နေပြည်တော် ဇန်နဝါရီ ၃၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝက်ထီးကန် ကောက်ပုံကွင်းကျေးရွာတွင် ECterra Agriculture Co.,Ltd. (Shwe Pyi Myay) က ကျင်းပသည့် မြေပဲ ၂၂၇ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းရိတ်သိမ်းခြွေလှေ့ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။** (အပေါ်ပုံ)

**ဝင်ငွေတိုးတက်လာမည်**

အခမ်းအနား၌ လုပ်ငန်းရှင်များ ဒေသနေတောင်သူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဆီထွက်နှုန်းနှင့် ဆီအရည်အသွေး ပိုမိုကောင်းမွန်စေရန် ဆီစက်များ အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းနှင့်အတူ ကုန်ကြမ်းလုံလောက်စွာ ရရှိစေရေးအတွက် ဆီထွက်သီးနှံတိုးချဲ့ စိုက်ပျိုးရေးကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်အစိုးရက ရည်ရွယ်ဆောင်ရွက်လျက် ရှိသည့် ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် စားသုံးဆီ တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးကို လက်တွေ့ အကောင်အထည်ဖော်ပေးနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေ တိုးချဲ့ခြင်းမှာ အကန့်အသတ်များ ရှိနေသော်လည်း အခြေအနေပေးသည့် ဒေသများတွင် သီးထပ်စွမ်းအား မြှင့်တင်ပြီး တစ်ကေချင်း၏ ထုတ်လုပ်မှု တိုးတက်ရေး ဆောင်ရွက်ပေးခြင်းဖြင့် တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်လျှင် တောင်သူအတွက် ဝင်ငွေသုံးဆရနိုင်သည့် အခွင့်အရေးကောင်း ဖြစ်သကဲ့သို့ ထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်ပတ်သက်သူများ၏ ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်၍ သက်ဆိုင်သူအားလုံးတို့က ကျရာ အခန်းကဏ္ဍများက အားထုတ်ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ECterra Agriculture Co.,Ltd. (Shwe Pyi Myay) ၏ မြေပဲသီးနှံ ၂၂၇ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းတွင် မြေပဲနှုတ်စက်၊ မြေပဲရိတ်ခြွေစက်များဖြင့် မြေပဲရိတ်သိမ်းနေမှုများကိုလည်းကောင်း၊ ကြံဧက ၁၀၀၀ ကျော်ကို ကြံရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းနေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့နယ် ဆီဆိုကုန်းကျေးရွာအနီး မြောက်နဝင်း ရေလှောင်တမံ၏ တမံကြွခိုင်ရေး ပြုပြင်မွမ်းမံနေမှု ဆည်ရေ သိုလှောင်ထားရှိမှုနှင့် ပြည်၊ ပေါက်ခေါင်း၊ သဲကုန်းမြို့နယ်များသို့ ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဝန်ကြီးက ဆည်ရေ အလေအလွင့်မရှိစေရေးနှင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ အလေးထား ဆောင်ရွက်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာအုပ်စုတွင် စက်မှုလယ်ယာဦးစီးဌာနက စနစ်ကျလယ်ယာမြေ ၁၅၅ ဧက ဖော်ထုတ်နေမှုကို လည်းကောင်း၊ ပျဉ်းပင်လှကျေးရွာရှိ ဒုရင်ဗိုလ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် မိုဘိုင်း ဆိုလာပန့်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ တောင်သူဦးသန်းလွင်၏ ပေါင်စနစ်ဖြင့် ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများအတွက် ဓာတ်အားလိုင်းအပြစ်နှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ၃၃ ကေဗွီ ခွဲရုံအမှတ် ၂ တွင် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူများအတွက် တည်ငြိမ်၍ အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းအပြစ်နှင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှုများ လျော့နည်းကျဆင်းရေး အစဉ်တစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ဦးစွာ ဒုတိယအင်ဂျင်နီယာချုပ် (နေပြည်တော်) ဦးဇော်မင်းထွန်းက ၂၃၀ ကေဗွီ နေပြည်တော်ပင်မဓာတ်အားခွဲရုံ ၁ မှ ဓာတ်အားပို့လွှတ်ပေးထားသော ၃၃ ကေဗွီ Switchbay ၌ ၃၃ ကေဗွီ GCB – Gas Circuit Breaker နှင့် Remote Control Panel များ လဲလှယ်ခြင်း၊ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ နှစ်လုံးအား လိုအပ်သော စမ်းသပ် စစ်ဆေးခြင်းများ ပြုလုပ်ခြင်း၊ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ဆီယိုစိမ့်မှုကို ပြုပြင်ခြင်း၊ Bus Bar နှင့် Disconnecting Switch များ ပြုပြင်နေမှုအား တင်ပြပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ၁၁ ကေဗွီ VCB– Vacuum Circuit Breaker များ အလုပ်လုပ်ပုံကို Software ဖြင့် စမ်းသပ်စစ်ဆေးခြင်းကို တင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သည်ဖြစ်၍ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းများအား အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန်၊ ဖီဒါအလိုက် Control Panel များရှိ မီတာ၊ Relay နှင့် ဆက်စပ်ပစ္စည်းများအား ပုံမှန်ကြည့်ရှုစစ်ဆေး၍ ပြုပြင်ထိန်းသိမ်းသွားရန်၊ SOP လုပ်ငန်းစဉ်များအား ချိတ်ဆွဲထားရန်၊ လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်ရန်၊ ထရန်စဖော်မာနှင့် Switchgear များအား အမြဲမပြတ် စစ်ဆေးသွားရန်၊ ခွဲရုံနှင့် ဝန်ထမ်းအိမ်ရာအနီးဝန်းကျင်အား သန့်ရှင်းသာယာလှပရေး ပုံမှန်ပြုလုပ်သွားရန်၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ စီမံဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စစ်တွေမြို့၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြော

**စစ်တွေ ဇန်နဝါရီ ၃၁**

အမှတ်(၅) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (စစ်တွေ) မှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က စစ်တွေမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ် (၅) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (စစ်တွေ) မှ ရဲမှူး မျိုးလွင်က လူကုန်ကူးမှု ဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်များကို လူကုန်ကူးခြင်းရည်ရွယ်ချက်နှင့် လူကုန်ကူးမှုဖြစ်စဉ်များကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လူကုန်ကူးဖြစ်စဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ ရဲမှူး မျိုးလွင်နှင့် တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးပြောကြားကြပြီး တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ၊ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

# လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်၏ CMIS Software စမ်းသပ်အသုံးပြုခြင်းသင်တန်း ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇန်နဝါရီ ၃၁

**လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Social Management Information System–SMIS) ၏ CMIS Software စမ်းသပ်အသုံးပြုခြင်း သင်တန်း ဒုတိယအကြိမ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှု အစီအစဉ်တွင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်အရ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များ၊ ဥပဒေနှင့်ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များ၊ လူကုန်ကူးခံရသော ကလေးသူငယ်များအပါအဝင် အထူးစောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၏ အချက်အလက်များကို SMIS စနစ်ဖြင့် စမ်းသပ်ဖြည့်သွင်းနိုင်ရန်အတွက် တပ်မတော်သတင်းနည်းပညာဌာနမှ နည်းပညာအပြည့်အဝ အကူအညီပေး၍ရေးဆွဲခဲ့ရာ ယခုဆိုလျှင် Case Management Program ရေးဆွဲဆောင်ရွက်မှု (၉၀ ရာခိုင်နှုန်း)၊ CMIS Software Digital Platform အသုံးပြုမှု (၉၀ ရာခိုင်နှုန်း) ရေးဆွဲပြီးစီးပြီး လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (SMIS) ကို အကောင်အထည်ဖော်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးသူငယ်များအား SMIS စနစ်အတွင်းသို့ ထည့်သွင်းနိုင်ရန် CMIS Software စနစ်အား စမ်းသပ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းကို လူမှုဝန်ထမ်းဦးစီးဌာန ရုံးချုပ်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင်တန်းသား/ သင်တန်းသူများအတွက် ဒုတိယအကြိမ် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များနှင့် ဝန်ထမ်းများကို ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကလေးပြုစုရေးဌာန ကလေးများက ကဗျာရွတ်ဆိုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၂ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် (ဇုန်-၂) အားကစားပြိုင်ပွဲ ဖွင့်လှစ်



နေပြည်တော် ဇန်နဝါရီ ၃၁

၂၀၂၂ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ရန်ကုန်ဇုန် (ဇုန်-၂) အားကစား ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အားကစားအဖွဲ့များကို လိုက်လံနှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာပညာရေး ဒီဂရီကောလိပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေ တင်ဆက်ခြင်းတို့အား ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇန်နဝါရီ ၃၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကကျသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်း



များကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နိုင်ငံတစ်ဝန်းတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကာကွယ်ဆေးသိုလှောင်အခန်းတွင် ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံနိုင်သော Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ဆေးထိုးအပ်များမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆေး ၂၀၀၀၀ နှင့် ဆေးထိုးအပ်များ ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သံတွဲမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

သံတွဲ ဇန်နဝါရီ ၃၁

သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က သံတွဲမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရိုးလှသန္တာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်က ကျောင်းသား ကျောင်းသူများအား လူငယ်စကားဝိုင်း ကျင်းပရခြင်းဆိုင်ရာများကို ဆွေးနွေးသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ အထက်တန်းပြဆရာမ ဒေါ်ခင်စန်းနိုင်က ဦးဆောင်၍ လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ အထက (၁) ကျောင်းမှ Grade–8 ကျောင်းသား မောင်ဟိန်းသူရအောင်၊ Grade–11 ကျောင်းသူ မထိုက်ရတီကို၊ Grade–11 ကျောင်းသူ မခိုင်ဇင်မင်းအောင်နှင့် Grade–10 ကျောင်းသူ မသင်းရနံ့ တို့က ပါဝင်ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက အပြန်အလှန် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အလားတူ သံတွဲမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း (ကင်းမော်) ကျောင်းတွင်လည်း လူငယ်စကားဝိုင်းများကို တစ်ပြိုင်တည်း ကျင်းပကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## တပ်မတော်၌ ဒုတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၁**

တပ်မတော်၌ ဒုတိယအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး (ခုတင်၁၀၀၀)ရှိ အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုမှာ ဦးသောင်းဝင်းနှင့် ၎င်း၏ အသည်းအလှူရှင်ဖြစ်သော ဦးဖြိုးအောင်ဇင်တို့ကို ခွဲစိတ်ကုသဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို မွန်းလွဲ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အသည်းအစားထိုးခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီး နောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး လိုအပ်သော ပြုစုကုသမှုများကို အထူးကြပ်မတ်ကုသခန်း၌ သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လယ်ဝေးမြို့နယ် အေလာမြို့၌ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးအတွက် ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၃၁**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာမြို့ လျှပ်စစ်ရုံးအနေဖြင့် လျှပ်စစ်မီးသုံးသူ မိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ရရှိစေရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အေလာမြို့ လျှပ်စစ်ရုံးအနေဖြင့် AMI Smart Meter များလဲလှယ်ခြင်း၊ Unit မှန်ကန်စေရေးအတွက် မီတာများ ကွင်းဆင်းဖတ်ရှုခြင်း၊ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အေလာမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးဇင်မျိုးထက်ဇော်က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝေကြည်**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) လပွတ္တာမြို့ နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့တွင် လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၁၇၉၈ ဦးကို ယင်းမြို့ရှိ ဦးဟိုက်ပင့်တံတားဆိပ်ကမ်း၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၄၈၁ ဦး၊ ခွဲစိတ်ရောဂါ ၁၂၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၈ ဦး၊ ကလေးရောဂါ ၇၃ ဦး၊ အရိုးအကြောရောဂါ ၃၆၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၄၃ ဦး၊ မျက်စိရောဂါ ၄၁၉ ဦးနှင့် သွားရောဂါ ၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅၄ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၄၀ တို့ကို ခွဲစိတ် ကုသပေးခြင်းများနှင့် တယ်လီဖေးရှင်း ဓာတ်မှန်ရိုက်လူနာ ၈၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၈၉ ဦးတို့ကို ရောဂါ ရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မန္တလေးမြို့ အ-ထ-က(၁၆)၌ သတင်းမီဒီယာနှင့်စာပေရေးရာဆိုင်ရာများ ဟောပြောပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၁**


သတင်းအတု သတင်းအမှားများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်မှုများ၊ ကျောင်းသား ကျောင်းသူများကြားတွင် စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်ခြင်း မရှိစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ပူးပေါင်းပြီး သတင်းမီဒီယာနှင့် စာပေရေးရာဆိုင်ရာများ ဟောပြောပွဲကို ဇန်နဝါရီ ၃၀ ရက်က မန္တလေးမြို့ အ-ထ-က (၁၆)ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့၏ဥက္ကဋ္ဌဖြစ်သူ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံချစ်စိတ် မျိုးချစ်စိတ် မြင့်မားခိုင်မာလာစေရေးနှင့် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ခွဲခြားသုံးသပ်တတ်စေရေးအတွက် ရည်ရွယ်ကာ စိတ်ဓာတ်ခွန်အားရှိလာစေမည့် စာပေရေးရာများ ဟောပြောခြင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က လူငယ်နှင့်အချိန် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူများအတွက် အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်စေရေး ဟောပြောခြင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းအမှားများကို နည်းပညာအချက်အလက်များ အသုံးပြုကာရှာဖွေစိစစ်နိုင်စေရေးနှင့် ကျောင်းသား ကျောင်းသူများ အကျိုးရှိစေမည့် သတင်းအမှန်များ ရရှိနိုင်မည့်နေရာများအကြောင်းတို့ကို ဟောပြောဆွေးနွေးကြသည်။

ဟောပြောမှုများအပြီးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး) က အ-ထ-က (၁၆)ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးထံသို့ သတင်းမီဒီယာဆိုင်ရာ စာအုပ်များနှင့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းစာအုပ်များအားပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုး ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးဌေးအောင်တို့နှင့် အ-ထ-က (၁၆)မှ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူစုစုပေါင်း သုံးရာဝန်းကျင် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ




# တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၃၁**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံမှ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှုနှင့် ဥစားကြက်နှင့် အသားတိုးကြက်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၃၁**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းဆွေးနွေး

အဆိုပါလှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဒုဥက္ကဋ္ဌ မန္တလေးတိုင်းတာဝန်ခံ မြင်းမူမောင်နိုင်မိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဝေဝေဖြိုးက တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုဥက္ကဋ္ဌက တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ၊ ရပ်ကွက်စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင် စုစုပေါင်း ၆၀၀ ကို ပေးအပ်လှူဒါန်းရာ ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိများ၊ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌများက လက်ခံရယူခဲ့ပြီး ကျေးရွာ၊ ရပ်ကွက်စာကြည့်တိုက်များသို့ ဆက်လက်ပေးအပ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဘုရားကုန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**သာပေါင်း ဇန်နဝါရီ ၃၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၂၆ ရက်က အခြေခံပညာ အထက်တန်းကျောင်း (ဘုရားကုန်း) စွယ်တော်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့ဝင်းက ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုလေ့လာမှတ်သားတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ လူအများအကြား ဆွေးနွေးပြောဆိုတတ်သည့် အလေ့အထများ ဖြစ်လာစေရန်၊ အသိပညာ ဗဟုသုတပြည့်ဝသည့် ကျောင်းသားလူငယ်များ ဖြစ်လာစေရန်၊ အစုအဖွဲ့ဖြင့် ပြောဆိုတတ်သည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်အကြောင်းအရာတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Grade-10/11မှ ကျောင်းသား ကျောင်းသူများက တစ်ဦးချင်း ဆွေးနွေးကြရာ (၁) မဝင်းသန္တာထွန်းမှ လူငယ်နှင့်မူးယစ်ဆေး၊ (၂) မယွန်းပိုပိုချစ်မှ လူငယ်နှင့် မိတ်ဆွေကောင်း၊ (၃) မောင်ရဲထက်မှ လူငယ်နှင့် အချိန်၊(၄)မောင်ရန်ပိုင်မှ လူငယ်နှင့်စည်းကမ်း၊ (၅)မောင်ဖိုးချစ်မှ လူငယ်နှင့် စာဖတ်ဝါသနာခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများက ဆွေးနွေးချက်များကို ပြန်လည်မေးမြန်းကြကာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်အသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့သည်။

**မျိုးဇော်သိန်း**
**(ပြန်/ဆက်)**



# ဆားလင်းကြီးမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးဟောင်း အဆောက်အဦအား PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၃၁**

CRPH နှင့် NUG အမည်ခံ အကြမ်းဖက် အဖွဲ့များသည် အလုံးစုံပျက်သုဥ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာ နေထိုင်ကြသော ပြည်သူများကို အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင် အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများအား လုယက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အဖျက်အမှောင့်လုပ်ရပ်များ ကျူးလွန်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရုံးဝင်း အတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ရောက်ရှိလာပြီး အဆိုပါ ရုံးဝင်းအတွင်းရှိ အဆောက်အဦ တစ်လုံးအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် မီးလောင်မှုကြောင့် အလျား ပေ ၆၀ ၊ အနံ ပေ ၄၀ ၊ အမြင့်ပေ ၂၀ သွပ်မိုး/ဝါးကပ်ကာ အဆောက်အဦတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်မှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ သတ္တုရိုင်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၈ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဟားခါးမြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟားခါးမြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသားဆိုက်စုံ ၂ ဒသမ ၃၂၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၇၆၆၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော အသင့်စားကြာဆံထုပ်များ၊ Smart တံဆိပ်ပါ အမွှေးဆီများနှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၃၂၄၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်သော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၈၂၅၃၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၃၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့က သံလွင်တံတား (မော်လမြိုင်) ၌ သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခနောက်စိမ်း တန် ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်သော Hino Profia Truck အမျိုးအစား မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ပုံ)** အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပန်းတောင်းမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်၊ သစ်ရာသစ် ၃ ဒသမ ၈၂၇၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၂၀၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၀၈၂၉၅၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အရေးယူခြင်းများ ဆောင်ရွက်**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နေ စိုးရတနာဦးသည် ၎င်းအသုံးပြုသည့် "Soe Yadanar Oo" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*○ ကျောဖုံးမှ*

လူတန်နှင့် ဂရင်စ်ဘီအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝရက်ဇ်ဟမ်းနှင့် ရှက်ဖီးလ်ယူနိုက်တက်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းက စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဖူလ်ဟမ်နှင့် ဆန်းဒါးလန်းအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းက လီဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ပြင် အစ်ဆွစ်တောင်း သို့မဟုတ် ဘန်လေနှင့် ရှက်ဖီးလ် သို့မဟုတ် ဖလီဝုဖ်တောင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်များကို မတ် ၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ပေါက်တောမြို့နယ် သစ်ပုတ်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်

**ပေါက်တော ဇန်နဝါရီ ၃၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် သစ်ပုတ်ကျေးရွာ၌



ရေဖူလုံစွာရရှိရန် ရည်ရွယ်၍ မြေသားရေကန်တူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်း၊ တာဝန်ခံအင်ဂျင်နီယာ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ သစ်ပုတ်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၉၇၅ သန်းဖြင့် ဧည့်ဂုဏ်ရောင်ကုမ္ပဏီမှ တာဝန်ယူ၍ အလျား ပေ ၁၀၀ ၊ အနံ ပေ ၁၀၀ ၊ အနက် ခြောက်ပေ ရေကန်တူးဖော်ခြင်းနှင့် အရှည်ပေ ၇၀၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကမ္ဘာ့အဆင့် -၂ လျှပ်စစ်ကားထုတ်လုပ်သည့် ကားကုမ္ပဏီ ဂျပန်နိုင်ငံ၌ လျှပ်စစ်ကားများ စတင်ထုတ်လုပ်

**တိုကျို ဇန်နဝါရီ ၃၁**

ကမ္ဘာ့အဆင့်-၂ လျှပ်စစ်ကား ထုတ်လုပ်သည့် ကားကုမ္ပဏီသည် ဂျပန်နိုင်ငံတွင် လျှပ်စစ်ကားများကို စတင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံ၏ ဘီဝိုင်ဒီကားကုမ္ပဏီသည် ၎င်း၏ အီးဗီကားများကို နိုင်ငံနှင့်ဒေသပေါင်း ၇၀ တွင် စတင်ရောင်းချလျက်ရှိသည်။

ဘီဝိုင်ဒီ ကားကုမ္ပဏီသည် လျှပ်စစ်ဇိမ်ခံကားအမျိုးအစားဖြစ်သည့် အက်စ်ယူဗွီ၊ သည်အက်တို-၃ တို့ကို ဂျပန်ကားဈေးကွက်သို့ ဇန်နဝါရီ ၃၁ ရက်က စတင်မိတ်ဆက်ခဲ့သည်။

အဆိုပါ လျှပ်စစ်ကားများသည် တစ်ခါအားသွင်းရုံဖြင့် ကီလိုမီတာ ၄၈၀ အထိမောင်းနှင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ဘေးကင်းလုံခြုံရေးအစိတ်အပိုင်းများလည်း တပ်ဆင်ထားသည်။

အဆိုပါကားတစ်စီးကို ယန်း ၄ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၃၄၀၀၀) ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၌ ထုတ်လုပ်သော တခြားလျှပ်စစ်ကားများထက် ဒေါ်လာ ၈၀၀၀ သက်သာမည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**







ပက်ရှာဝါမြို့၌ ဘာသာရေးအဆောက်အအုံတစ်လုံးကို အသေခံဗုံးခွဲတိုက်ခိုက်ပြီးနောက် ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ဆေးရုံသို့ ပို့ဆောင်နေမှုကို ဇန်နဝါရီ ၃၀ ရက်က တွေ့ရစဉ်။

# ဖိလစ်ပိုင်နိုင်ငံရှိ ဂျပန်နိုင်ငံသား လေးဦးကို အထူးလိမ်လည်မှုကိစ္စရပ်များနှင့် ဆက်နွယ်လျက်ရှိသော အဖွဲ့ဝင်များဖြစ်ကြောင်း တိုကျိုရဲအရာရှိများ ပြောကြား

**တိုကျို ဇန်နဝါရီ ၃၁**

ဂျပန်နိုင်ငံရှိ ဆင့်ကဲငွေကြေးလိမ်လည်မှုများကို ညွှန်ကြားခဲ့သည့် သံသယဖြစ်ဖွယ် ဖိလစ်ပိုင်နိုင်ငံရှိ ဂျပန်နိုင်ငံသား လေးဦးကို အထူးလိမ်လည်မှုကိစ္စရပ်များနှင့် ဆက်နွယ်လျက်ရှိသော အဖွဲ့ဝင်များ ဖြစ်ကြောင်း တိုကျိုရဲအရာရှိများက ပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဌာန၌ ဖမ်းဆီးထားသူ လေးဦးမှာ ဝမ်တာနာဘေးယူကီ၊ ကိုဂျီမာတိုမိုနိုဘူ၊ ဖူဂျီတာတိုရှီယာနှင့် အီမာမူရာကျီယိုတိုတို့ ဖြစ်ကြသည်။

တိုကျိုရဲဌာနက ၎င်းတို့ကို အထူးလိမ်လည်မှုကိစ္စရပ်များတွင်ပါဝင်သည့် သံသယမှုဖြင့် ဖမ်းဆီးရန် အမိန့်ရထားသည်။ တိုကျိုရဲဌာနက ၎င်းတို့ကို လွှဲပြောင်းရယူနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ရန် ဖိလစ်ပိုင်နိုင်ငံသို့ သက်ဆိုင်ရာ ရဲအရာရှိများကို စေလွှတ်ရန် စီစဉ်ထားသည်။

ဖုန်းဖြင့် ငွေကြေးဆိုင်ရာ လိမ်လည်ပြောဆိုမှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့ထဲမှ သုံးဦးသည် ၂၀၁၉ ခုနှစ်က တိုကျိုရှိ အမျိုးသားတစ်ဦးထံမှ ငွေကြေးဆိုင်ရာ ကတ်နှစ်ခုကို ခိုးယူခဲ့မှုတွင် ပါဝင်ခဲ့သူများအဖြစ် ရဲတပ်ဖွဲ့က သံသယရှိခဲ့သည်။

၎င်းတို့လေးဦးသည် ဖိလစ်ပိုင်နိုင်ငံမှ ဂျပန်နိုင်ငံသို့ ဖုန်းဖြင့်ငွေကြေးလိမ်လည်ရန် ဖုန်းခေါ်ဆိုမှုများကို ပြုလုပ်ခဲ့သည့် အဖွဲ့ဝင်များဖြစ်ကြောင်း ရဲတပ်ဖွဲ့များက ပြောသည်။

အဆိုပါအဖွဲ့သည် ငွေကြေးလိမ်လည်မှုအပါအဝင် လိမ်လည်မှုပေါင်း ၂၃၀၀ ခန့်နှင့် ဆက်စပ်လျက်ရှိပြီး အဆိုပါ လိမ်လည်မှုများအတွင်း ယန်း ၃ ဒသမ ၅ ဘီလီယံ သို့မဟုတ် ဒေါ်လာ ၂၇ သန်း နစ်နာမှုများဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ပါကစ္စတန်ရှိ ဘာသာရေးအဆောက်အအုံတစ်လုံး၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား၊ သေဆုံးသူ ၁၀၀ အထိရှိလာ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၃၁**

ဇန်နဝါရီ ၃၀ ရက်က ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခီဘာပတ်ခ်တွန်ခွာပြည်နယ်၏ မြို့တော် ပက်ရှာဝါမြို့ရှိ ဘာသာရေးအဆောက်အအုံတစ်လုံး၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူအရေအတွက် ၁၀၀ အထိ မြင့်တက်လာကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၃၁ ရက်တွင် ဆင်ဟွာသို့ ပြောသည်။

ထိခိုက်ဒဏ်ရသူအချို့ သေဆုံးမှုနှင့် အသေခံဗုံးခွဲပြီးနောက် ပြိုကျသွားသော အပျက်အစီးများကြားမှ သေဆုံးသူအလောင်းများ ထပ်မံတွေ့ရှိပြီးနောက် ထိုကဲ့သို့ သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းဖြစ်ကြောင်း ပက်ရှာဝါမြို့၏ ဒုတိယရဲမင်းကြီး ရှာဖီလ်လာခန်းက ပြောသည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၀၀ ကျော်ရှိခဲ့ပြီး ၅၃ ဦးမှာ ပက်ရှာဝါမြို့ရှိ Lady Reading ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းက အသေခံ ဗုံးခွဲမှုဖြစ်ပွားခဲ့သော အချိန်တွင် လူပေါင်း ၃၅၀ ကျော်သည် ဝတ်ပြုဆုတောင်းခန်းမ၌ ရှိနေခဲ့ပြီး သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု ဆိုသည်။ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိပြီး စိုးရိမ်ရသောအခြေအနေရှိသူ ခုနစ်ဦးခန့်နှင့် အချို့မှာ အပျက်အစီးများအောက်တွင် ရှိနေသေးသောကြောင့် သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်ကြောင်း ရှာဖီလ်လာခန်းက ပြောသည်။ အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ပါကစ္စတန်သမ္မတ အရစ်ဖ်အလ်ဗီ၊ ဝန်ကြီးချုပ် ရှာဘတ်ဇ်ရာရစ်ဖ်နှင့် အစ္စလာမာဘတ်ရှိ တရုတ်သံရုံးတို့က ပြင်းပြင်းထန်ထန် ရှုတ်ချထားသည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျပြီး လေယာဉ်မှူးတစ်ဦး သေဆုံး

**ဟန္နိုင်း ဇန်နဝါရီ ၃၁**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ ဇန်နဝါရီ ၃၁ ရက်က ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျပြီး လေယာဉ်မှူးတစ်ဦး သေဆုံးမှုဖြစ်ပွားကြောင်း ဗီယက်နမ်သတင်းဌာန၏ အစီရင်ခံဖော်ပြမှုအရ သိရသည်။

Su-22 အဆိုပါ တိုက်လေယာဉ်သည် ယန်းဘိုင်ပြည်နယ်သို့ ဆင်းသက်စဉ် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။ အသက် ၃၁ နှစ်အရွယ် လေယာဉ်မှူး ထန်ငုစ်ဒူကို လေထီးခုန်ရန် အမိန့်ပေးခဲ့သော်လည်း လေယာဉ်ကို ကယ်တင်ရန် ကြိုးစားရာမှ လေယာဉ်ပျက်ကျပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနက လေယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် လေကြောင်းရန် ကာကွယ်ရေးတပ်နှင့် အေဂျင်စီများကို ညွှန်ကြားထားသည်။ **ဆင်ဟွာ**

# ၂၀၂၂ ခုနှစ်၌ စက်ဘီးတင်ပို့ရောင်းချမှုမှ ကန်ဒေါ်လာ ၉၆၆ သန်း ကမ္ဘောဒီးယားရရှိ

**ဖနောင်ပင် ဇန်နဝါရီ ၃၁**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာဈေးကွက်သို့ စက်ဘီးတင်ပို့ရောင်းချမှုဖြင့် အမေရိကန်ဒေါ်လာ ၉၆၆ သန်း ရှာဖွေနိုင်ခဲ့ပြီး ယခင်နှစ်ကထက် ၄၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဇန်နဝါရီ ၃၀ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

စက်ဘီးများကို ဥရောပသမဂ္ဂ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂျပန်၊ တရုတ်နိုင်ငံ အပါအဝင် နိုင်ငံနှင့် ဒေသပေါင်း ၅၀ ကျော်သို့ တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပင်ဆိုဗီဟိက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ အဝတ်အထည်များ၊ ဖိနပ်များနှင့် ခရီးသွားပစ္စည်းများ ပြီးနောက် စက်ဘီးများသည် ပို့ကုန်အတွက် အဓိကထုတ်ကုန်ပစ္စည်းများထဲမှ တစ်ခုဖြစ်ကြောင်း ပင်ဆိုဗီဟိက ပြောသည်။

ကမ္ဘောဒီးယား နိုင်ငံသည် စက်ဘီးတင်ပို့မှုတွင် အရှေ့တောင်အာရှနိုင်ငံများ၌ ထိပ်တန်းအဆင့်တွင် ရှိကြောင်း သိရသည်။ လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ စက်ဘီးစက်ရုံငါးရုံဖြင့် လည်ပတ်ဆောင်ရွက်နေပြီး အဆိုပါ စက်ရုံအားလုံးသည် နိုင်ငံအရှေ့တောင်ပိုင်း Svay Rieng ပြည်နယ် ဘာဗက်မြို့ရှိ အထူးစီးပွားရေးဇုန်များတွင် တည်ရှိသည်။ **ဆင်ဟွာ**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၃ ရာခိုင်နှုန်း

**(၃၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၁၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၄၁,၉၄၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၂၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၉၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၃၄၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၅၀ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၇၅ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၆၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၅ | ၂၅၇၀ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၄၂၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၀ | ၂၄၇၀ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၅ | ၂၅၇၅ | ၂၅၇၀ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၀ | ၂၅၁၀ | ၂၇၄၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၁ | ၂၁၃၆ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၂၃၁ | ၂၃၀၆ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ (၁)

ဝ ထ က လ သ (နတလ)

### တာဆွတ်တိန်း

"တာဆွတ်တိန်း" ကူးတို့ဆိပ်သည် နမ့်တိန်းချောင်းနှင့် သံလွင်မြစ်တို့ ဆုံရပ်ဖြစ်၏။

နမ့်တိန်းချောင်းသည် လင်းခေးမြို့နယ်ကို ဖြတ်သန်းစီးဆင်း၍ တာဆွတ်တိန်းဆိုသော အရပ်၌ "သံလွင်မြစ်" အတွင်းသို့ စီးဝင်သည်။ နမ့်တိန်းချောင်းရေတို့သည် အဝါရောင်ဖြစ်ပြီး သံလွင်မြစ်ရေသည် အဖြူရောင်ဖြစ်၏။ အဝါရောင်နှင့် အဖြူရောင် ရေအလျဉ်တို့သည် စတင်တွေ့ဆုံရာအရပ်၌ အရောင်တစ်ကန့်စီ ကွဲနေကြသေး၏။ သို့သော် ထိုချောင်းရေနှင့် မြစ်ရေတို့သည် တစ်မိုင်ခန့်အရောက်တွင် တစ်ပေါင်းတည်း ပေါင်းစည်းသွားပြီး အေးချမ်းခြင်း သင်္ကေတအဖြစ် တငြိမ့်ငြိမ့်နှင့် ကြည်လင်တောက်ပစွာ တစ်ရောင်တည်း တစ်သွေးတစ်သားတည်း ဆက်လက်စီးဆင်းသွားလေ၏။ ပြည်ထောင်စုမြစ်တစ်စင်းသည် ရှမ်းပြည်နယ်မှ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့သို့ စီးဝင်ကြပေလိမ့်မည်။

၁၉၈၃ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်၏ တစ်ရက်တွင် ထိုတာဆွတ်တိန်း ကူးတို့ဆိပ်၌ တစ်ညတာ စခန်းချ ရပ်နားခဲ့ဖူးသည်။ အရှေ့အနောက် တောင်မတ်မတ်တို့ ဝန်းရံနေသော သဲသောင်ပြင်၌ ချောင်းရေနှင့် မြစ်ရေပူးပေါင်းသံ တဝုန်းဝုန်း၊ သံလွင်မြစ်ရေစီးသံ၊ တောတောင်တို့၏ သစ်ရွက်လှုပ်ခတ်သံ၊ သားကောင်ကြီးငယ်တို့၏ ပြေးလွှားအော်မြည်သံတို့ကို ဂီတသံစဉ်အဖြစ် ခံစားခဲ့ရသည်ကို အမှတ်ရနေဆဲဖြစ်၏။ စာရေးသူပါဝင်သော တပ်မတော်စစ်ကြောင်းသည် မိုးနဲ၊ လင်းခေးနှင့် မောက်မယ်နယ်မြေမှ ဆီဆိုင်နယ်မြေအတွင်းသို့ နယ်မြေစိုးမိုးရေးတာဝန်ဖြင့် လှုပ်ရှားချီတက်ခဲ့ကြခြင်း ဖြစ်သည်။ စစ်ကြောင်းသည် ညအိပ်ပြီး နောက်တစ်ရက် ဖေဖော်ဝါရီ နေပူကျဲကျဲတွင် သံလွင်ကမ်းခြေမှ "လွယ်မောတောင်ကြော"၏ မတ်စောက်မြင့်မားသော တောင်နံရံတို့ကို စတက်ရင်း ခရီးပြင်း နှင်ခဲ့ကြရပြန်သည်။

ပေ ၇၀၀၀ ကျော်ခန့် မြင့်သောတောင်ကြောသို့ တစ်ခါတစ်ရံ ၄၅ ဒီဂရီ၊ တစ်ခါတစ်ရံ ၆၀ ဒီဂရီ ခန့် အစောင်းရှိသော တောင်စောင်းတစ်လျှောက် တက်ကြရ၏။ အတက်ကြမ်းလေစွ။ တစ်ခါတစ်ရံ ခပ်ပြေပြေ လျှောက်ကြရ၏။ လမ်းတစ်လျှောက် လေတိုက်လိုက်တိုင်း လေနှင့်အတူ ဝေ့ဝေ့ဝဲဝဲ ပြန့်ကြဲနေသော ရွက်ကြွေတို့ကို နင်းလျှောက်ရ၏။ တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ သံလွင်မြစ်သည် မြင်ကွင်းမှ ပျောက်ကွယ်ခဲ့လေပြီ။ ကျေးရွာမရှိ၊ ရေမရှိ၊ လူသွားလမ်းကြောင်းသာရှိ၏။ ထင်းရှူးတောတို့က မြင့်မားစိမ်းလန်း နေလေ၏။ ထင်းရှူး



မဲနယ်တောင် (သို့မဟုတ်) လွယ်မိုင်းတောင်တန်း၏အလှ။

**✻ မဲနယ်တောင်ဝန်းကျင်၌ ဖက်ရမ်းကျေးရွာအုပ်စု၊ စံဖူးကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စုလေးစု ရှိသည်။ ပအိုဝ်းလူမျိုးများ နေထိုင်ကြပြီး ကျေးရွာပေါင်း ၅၈ ရွာ၊ အိမ်ခြေပေါင်း ၄၉၂၂ အိမ်နှင့် လူဦးရေ ၂၆၀၀၀ နီးပါး နေထိုင်ကြလေသည်။**

**✻ မြင့်မားသော တောင်တန်း၊ တောင်သွယ်၊ တောင်လက်မောင်းများဖြင့် ဆောင်းတွင်းကာလမှာ အအေးဒဏ်လွန်ကဲသည့် ရာသီဥတုရှိလေသည်။ ဆောင်းတွင်းဖြစ်သော်လည်း မိုးက ရွာချတတ်ပြန်သေးသည်**

ရွက်လေတိုးသံ တရှဲရှဲ၊ ထင်းရှူးသီးတို့ ကြွေကျသံ တဖုတ်ဖုတ်တို့ကို ခံစားရင်း ကျောက်တောင်၊ ကျောက်တုံး တောင်စွန်းများ ပြည့်နှက်နေသောအကွေ့အကောက်များနှင့် မတ်စောက်ပြီး ကျဉ်းမြောင်းလွန်းလှသည့် တောင်ကြောတို့ကို ဖြတ်သန်းရ၏။

ထိုနေ့ နံနက်ပိုင်း ၁၀ နာရီခန့်မှစ၍ တောင်ကြောသို့ တက်ခဲ့ရာ ည ၁၀ နာရီ ခန့်မှ တောင်ကြောပေါ်သို့ ရောက်တော့၏။ စခန်းချကြသည်။ ညစာတတ်၏။ ရေပြတ်၏။ စစ်သည်တော်တို့ ရေဆာသောဒဏ်ကို တစ်ညလုံး အလူးအလဲခံရ၏။ မိမိတံတွေး မိမိတို့ မျိုချကြရ၏။ နောက်တစ်နေ့ တောင်ကြောပေါ်မှ တောင်အောက်သို့ ဆင်းရပြန်၏။ ထိုထင်းရှူးတောလမ်းဘေးကနေ အောက်ဘက်တောင်ခြေရှုခင်းလယ်ကွင်းတွေရှိသော လွင်ပြင်တချို့ကို လှမ်း၍မြင်ရ၏။ သာယာအေးချမ်းသည့် မြင်ကွင်းများပင် ဖြစ်ပေ၏။ နံနက် ၁၁ နာရီကျော်ခန့်တွင် တောငှက်ပျောတောတစ်အုပ်ကို ဖြတ်သန်းရ၏။ ရေဆာနေသော စစ်သည်တော်တို့သည် ငှက်ပျောပင်ကို ခုတ်ကြ၍ ငှက်ပျောအူတိုင်ကို ရေဆာပြေ စုပ်ကြ၏။ အနီးအနားရှိ ရွှံ့အိုင်ထဲမှ ပိုးမွှားများ ပြည့်နေသည့် ရေနောက်နောက်တို့ကိုလည်း အငမ်းမရ လက်ခုပ်ဖြင့် ယူ၍ သောက်ကြရ၏။

ဤသို့ မဲနယ်တောင်တန်းများ၏ မှတ်မှတ်ရရ စတင်ကြုံဆိုမှုကို တစ်ဘဝစာ မမေ့နိုင်ခဲ့ပေ။ တောင်တက်ခရီးသွားဖူးသမျှထဲမှာ အပင်ပန်းဆုံး ဖြစ်ခဲ့သည်။ သို့သော် ပြန်လည်စိတ်ကူးမိလေတိုင်း ထည်ဝါလှသည့် မဲနယ်တောင်တန်း၏ သင်းပျံ့သည့်ရနံ့ကို ခံစားရပြန်ပါသည်။ ပျင်းရိခြောက်သွေ့သော နွေရက်တို့သည် တောင်တန်းများကြောင့် ပိုမိုခမ်းနားခဲ့သည်ဟုလည်း ထင်မိပြန်သည်။

**တောင်စွယ်တန်းတန်း၊ တောလမ်းကွေ့ကွေ့**
**တက်လမ်း မတ်မတ်၊ ဆင်းလမ်းစောက်စောက်**
**ကျောက်လမ်းကျဉ်းကျဉ်း၊ လှရှုခင်းနှင့်**
**သည်ထင်းရှူးတော၊ မြစိမ်းကြောမှ**
**မတ်စောက်မြင့်ခေါင်၊ အို....... မဲနယ်တောင်**
**ပြာမှောင်မည်းဘိ၊ ထည်လွန်းဘိလည်း**
**အဆင်းလည်းမမှု၊ အမြင့်လည်းမကြောက်**
**ငါတို့လက်မမြှောက်၊**
**ဒူးမထောက်ခဲ့...ဟု ရင့်ကြူးမိခဲ့ပါသေးသည်။**

### မဲနယ်တောင်တန်း

ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြသည့် "လွယ်မောတောင်တန်း"သည် မိုင် ၃၀ ခန့် ရှည်လျား၏။ လွယ်မောတောင်တန်းနှင့် မဲနယ်တောင်တန်းတို့သည် တစ်ဆက်တစ်စပ်တည်းတည်ရှိ၏။ မဲနယ်တောင်တန်းသည် ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ် ဧရိယာအတွင်း တည်ရှိသည်။ တောင်မြောက် သွယ်တန်းလျက်ရှိ၏။ အလျားမိုင် ၃၀ ခန့်၊ အနံ ၁၂ မိုင်ခန့်နှင့် အမြင့်ပေ ၇၀၀၀ ခန့် ရှိလေသည်။ တောင်ဇလပ်ပန်းများပွင့်သည့် အမြင့် ၈၂၆၃ ပေရှိ လွယ်မိုင်းတောင်သည် အမြင့်ဆုံးဖြစ်သည်။


မဲနယ်တောင်ဝန်းကျင်၌ ဖက်ရမ်းကျေးရွာအုပ်စု၊ စံဖူးကျေးရွာအုပ်စု၊ နောင်လိုင်ကျေးရွာအုပ်စုနှင့် နားခိုက်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စုလေးစု ရှိသည်။ ပအိုဝ်းလူမျိုးများ နေထိုင်ကြပြီး ကျေးရွာပေါင်း ၅၈ ရွာ၊ အိမ်ခြေပေါင်း ၄၉၂၂ အိမ်နှင့် လူဦးရေ ၂၆၀၀၀ နီးပါး နေထိုင်ကြလေသည်။

မြင့်မားသော တောင်တန်း၊ တောင်သွယ်၊ တောင်လက်မောင်းများဖြင့် ဆောင်းတွင်းကာလမှာ အအေးဒဏ်လွန်ကဲသည့် ရာသီဥတုရှိလေသည်။ ဆောင်းတွင်းဖြစ်သော်လည်း မိုးက ရွာချတတ်ပြန်သေးသည်။ သို့သော် သဘာဝတောင်တန်း၊ သစ်တောအလှအပများ၊ ရိုးသားမှုအပြည့်နှင့် ရွာလေးများဖြင့် အေးချမ်းသာယာလှပသော ဒေသတစ်ခုဟု ဆိုရပေမည်။


### လက်နက်ကိုင်လမ်းစဉ်၏ ဆိုးကျိုး

ဤဒေသသည် တစ်ချိန်က ဘိန်းခင်းများစွာ ရှိခဲ့ဖူးသော ဒေသဖြစ်ခဲ့၏။ ဤဒေသ၌ စစ်ပွဲတို့၏ အနိဋ္ဌာရုံဖြစ်သော တိုက်ပွဲတို့၏ ပစ်ခတ်သံများ၊ ပေါက်ကွဲသံများ ဒဏ်ရာရသူတို့၏ ညည်းတွားသံများ၊ အောင်ပွဲရသူတို့၏ ကြိမ်းဝါးသံများ၊ ဆုံးရှုံးသူတို့၏ ကြေကွဲသံများ၊ ဒေသခံများ၏ အပူမီးများသည် မဲနယ်တောင်တန်းဒေသ ရင်ခွင်တွင် ပွဲတင်ထပ်ခဲ့ဖူးသည်။

*စာမျက်နှာ ၁၇ သို့*



မဲနယ်တောင်တန်းဒေသ ကျောက္ကချားကျေးရွာမှ ပတ်ဝန်းကျင်အလှများ။



နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ထမ့်ယမ်းကျေးရွာအဝင်လမ်း။

# နေပြည်တော်မြို့နယ်ရှစ်ခု၌ ဆီထွက်သီးနှံ ဧကတစ်သိန်းခွဲကျော် စိုက်ပျိုးထားနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၃၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ ယခုနှစ် မိုးနှင့်ဆောင်းရာသီများတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို ၁၅၄၉၇၅ ဧကအထိ စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။**

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီထွက်သီးနှံဖူလုံရေးကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ယခင်နှစ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး စားသုံးဆီ ပိုမိုဖူလုံစေရေးအတွက် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်း တိုးတက်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး အလေးထားဆောင်ရွက်ပါက တစ်ဧကပန်းတိုင်အထွက်နှုန်းအနေဖြင့် မြေပဲတင်း ၅၀၊ နှမ်းတင်း ၂၀ နှင့်နေကြာတင်း ၅၀ ခန့် ရရှိနိုင်ကြောင်း၊ နည်းစနစ်မှန်ကန်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ပူးပေါင်းပြီး အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် နေကြာသီးနှံကို ဧက ၈၀၀၀ ကျော် ပိုမိုတိုးချဲ့စိုက်ပျိုးထားကြောင်း နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းထိန်က ပြောသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နေကြာသီးနှံသည် ဆီထွက်ပမာဏ ပိုမိုများသည့်အတွက် ဧကတိုးချဲ့ခြင်း၊ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်းများကို လုပ်ဆောင်မည့်အပြင် အခြားဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း သီးနှံများကိုလည်း ပိုမိုတိုးချဲ့ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်းရှိ တောင်သူများအနေဖြင့် နေကြာသီးနှံ စိုက်ပျိုးရာတွင် ရေဆင်းစပ်မျိုး(၁) နေကြာနှင့် ဆင်းရှေကြာနှစ်မျိုးကို စိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေကြာသီးနှံမှာ သီးထပ်သီးညှပ်ပုံစံအမျိုးမျိုးဖြင့် မိုးဆောင်းရာသီမရွေး၊ မျိုးစေ့စျေးနှုန်းသက်သာစွာ စိုက်ပျိုးနိုင်သော သီးနှံဖြစ်ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းတင်း ၅၀ နှင့်အထက် ထွက်ရှိစေရန် အထူးအထွက်တိုး နေကြာမျိုးများဖြင့် မျိုးပြောင်းလဲစိုက်ပျိုးပါက တစ်ဧကမှ ဆီပိဿာအများဆုံး ၂၀၀ နီးပါးအထိ ရရှိနိုင်သော ဆီထွက်သီးနှံဖြစ်ကြောင်း၊ မြေအမျိုးစားနှင့် မြေပြုပြင်ခြင်း၊ စိုက်ချိန်၊ စိုက်စနစ်၊ စိုက်ကြောင်းအတိမ်အနက်၊ သွင်းအားစုထည့်သွင်းအသုံးပြုခြင်း၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ စနစ်တကျရိတ်သိမ်းခြွေလှေ့ခြင်း စသည့် စိုက်ပျိုးရေးနည်းစနစ်ကောင်းများကို လိုက်နာစိုက်ပျိုးပါက တောင်သူများ၏ လူမှုစီးပွားဘဝပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## ပုဏ္ဏားကျွန်းမြို့နယ် သဲဖြူချောင်းကျေးရွာအဝင်လမ်း၌ ကျောက်ချောခင်း

**စစ်တွေ ဇန်နဝါရီ ၃၁**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် သဲဖြူချောင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို စစ်တွေခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သာနီ့အေး၊ ပုဏ္ဏားကျွန်းမြို့နယ် ဦးစီးအရာရှိ (မြို့ပြ) ဦးမြတ်သူနှင့်တာဝန်ရှိသူများက ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

သဲဖြူချောင်းကျေးရွာ အဝင်လမ်းသည် အရှည် ၀/၃ ဒသမ ၇၂၈ မိုင်နှင့် အကျယ် ၁၆ ပေ ရှိပြီး ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေ ကျပ် ၈၅ ဒသမ ၀၁၃ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါလမ်းမှာ ရန်ကုန်- စစ်တွေ အဝေးပြေးကားလမ်းမကြီးနှင့် ချိတ်ဆက်ထားသောလမ်းဖြစ်ပြီး လက်ရှိတွင် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

**ကိုထွန်း**

*စာမျက်နှာ ၁၆ မှ*

တာဆွတ်တိန်းကူးတို့ဆိပ်နှင့် နောင်ထော်ရွာ (Nawngtaw)သည် ၄၅ မိုင်ခန့် ကွာဝေးပါသည်။ စာရေးသူတို့စစ်ကြောင်းသည် ဆီဆိုင်နယ်မြေတွင် လှုပ်ရှားရင်း ၁၉၈၃ ခုနှစ် မတ် ၂ ရက် တောင်သူလယ်သမားနေ့တွင် ပွန်ချောင်းအရှေ့ခြမ်း ကဒူးကြီး၊ ကဒူးလေးဒေသ ဦးတာကလယ်၏ မွေးရပ်မြေဖြစ်သော “နောင်ထော်” ရွာအဝင် ပွန်ချောင်းအတက်ကွမ်းသီးတော၌ ညတိုက်ပွဲ ပြင်းထန်စွာ ဖြစ်ခဲ့ဖူးသည်။

ဟဲဟိုးအခြေစိုက် ခြေမြန်တပ်ရင်းနှင့် ဦးတာကလယ်၏ ရလလဖ(အနီ)၊ သံလွင်မြစ် အရှေ့ခြမ်းရှိ ဗကပကော်(၈၁၅) တိုက်ခိုက်ရေးတပ်တို့ ပူးပေါင်းထားသောတပ်များ၏ ရင်ဆိုင်တိုက်ပွဲ ဖြစ်သည်။ ရန်သူသည် မိမိတို့ထက် အင်အားနှစ်ဆခန့်သာသည်။

ထိုထိတွေ့မှုတွင် တပ်မတော်သားအချို့သည် နိုင်ငံတော်၏ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း အသက်ခန္ဓာ စွန့်လွှတ်ခဲ့ရသည်။ အချို့ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ စစ်ပွဲဆိုသည်မှာ ပန်းနှင့်ပေါက်တာ မဟုတ်၊ ခဲတံနှင့် ရေးခြစ်ခြင်း မဟုတ်သည့်အတွက် တစ်ဖက်အဖွဲ့များသည်လည်း ထိခိုက်ဒဏ်ရာရ ကျဆုံးမှု များစွာရှိခဲ့လေသည်။ “စစ်” ကြောင့် နိုင်ငံတော်၏ အနာဂတ် အပင်၊ အရွက်၊ အသီးတို့ ကြွေခဲ့ကြရသည်။

နယ်ချဲ့တို့၏ အမွေဆိုးများဟုပင် ဆိုရပေမည်။ သူတို့သည် တောင်ပေါ်မြေပြန့် သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ ဒေသတစ်ခုနှင့်တစ်ခု မတူညီသော အုပ်ချုပ်ပုံ စနစ်များ ကျင့်သုံးခဲ့ကြသည်။ ဘိန်းစိုက်ပျိုးခြင်းကို နည်းလမ်းပြခဲ့သည်။ ထိုအမွေဆိုးကို “ဗကပ”က ဆက်ကျင့်သုံးသည်။ တိုင်းရင်းသားများအားဘိန်းစိုက်ခိုင်းပြီး လက်နက်ကိုင် ဩဇာခံများကို မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် ရှင်သန်ရပ်တည်စေခဲ့သည်။ ထိုသည်ကို ကြိုက်သည့် အဖွဲ့အစည်းများရှိသလို မကြိုက်သည့် အဖွဲ့အစည်းများလည်း ရှိသောအခါ အဖွဲ့ခွဲများ ပေါ်ပေါက်လာတော့သည်။ အချင်းချင်းတိုက်ခိုက်ကြတော့သည်။ နယ်မြေမအေးချမ်းမှုများနှင့်အတူ ထိုနယ်စပ်ဒေသများသည် ဖွံ့ဖြိုးမှု များစွာနောက်ကျခဲ့ရလေပြီ။

### တရားဥပဒေဘောင်အတွင်းသို့

လက်နက်ကိုင်လမ်းစဉ်နှင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ရှင်သန်မှုနှစ်ခုသည် ဆန့်ကျင်ဘက်ခြားနားကြောင်း သိရှိလာသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည် ၁၉၈၉ ခုနှစ်မှစ၍ တရားဥပဒေဘောင်အတွင်းသို့ စတင်ဝင်ရောက်ခဲ့လေသည်။

“နာကြည်းမှုတွေကို မေ့ပစ်ပါ။ ကြင်နာမှုတွေကိုတော့ မမေ့ပါနှင့်” ဟူသော ဆိုစကားအတိုင်း အတိတ်အကြောင်းတွေ ခဏဘေးဖယ်ထားပြီး အနာဂတ်အတွက် ဆွေးနွေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ပင်ဖြစ်သည်။

နိုင်ငံတော်သည် ထိုအချိန်မှစ၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ဤတွင် အင်းလေး၊ ပင်လောင်း၊ ဆီဆိုင်၊ ကျောက်တန်း၊ မဲနယ်တောင်တန်းနှင့် ဟိုပုံး မြောက်ခြမ်းဒေသတွင် လှုပ်ရှားခဲ့သော ဦးအောင်ခမ်းထီ၏ PNO (Pa-O National Organization) အဖွဲ့သည် ၁၈-၂- ၁၉၉၁ တွင် တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့သည်။

ထို့နောက် ပွန်ချောင်းအရှေ့ခြမ်း ကဒူးကြီး-ကဒူးလေး၊ မဲနယ်တောင်ကြောနှင့် ဟိုနမ့်ဒေသတွင် အဓိကလှုပ်ရှားခဲ့သူ ဦးတာကလယ်၏ “ရလလဖ” အဖွဲ့သည်လည်း ၉-၁၀-၁၉၉၄ တွင် တရားဥပဒေဘောင်အတွင်း ထပ်မံဝင်ရောက်လာပါတော့သည်။

နိုင်ငံတော်သည် အပစ်အခတ်ရပ်စဲရေး ရယူသဘောတူညီပြီးနောက် “ရလလဖ” အဖွဲ့အခြေပြုသည့်ဒေသကို ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၁၃)အဖြစ် သတ်မှတ်ပေးခဲ့သည်။

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား နိုင်ငံတော်က နွေးထွေးစွာ ကြိုဆိုခဲ့သည်။

လက်နက်ကိုင် အဖွဲ့အစည်းများအတွက် အထူးဒေသများ သတ်မှတ်ပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ အပစ်အခတ် ရပ်တန့်ပေးရန် အချိန်ကာလများကို သဘောတူညီချက်များ ပေးခဲ့သည်။ ရပ်တည်ရေးအတွက် ရိက္ခာ၊ ငွေကြေးထောက်ပံ့ပေးခြင်းများ၊ လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ချက်ချင်း ဆောင်ရွက်ပေးခဲ့သည်။

လမ်း/တံတား၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ သတ္တုတူးဖော်ထုတ်လုပ်ရေး၊ ဆက်သွယ်ရေး၊ အိမ်ရာဆောက်လုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး၊ စာရင်းစစ်ဆေးရေး၊ သာသနာရေး၊ ပြည်ထဲရေး၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်း ကော်မတီ စသည့်လုပ်ငန်းကော်မတီ ၁၈ ရပ်ကို ဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ဆိုရသော် ထိုအချိန်ကာလများကစ၍ မဲနယ်တောင်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများအားလုံး၊ မြောက်ပိုင်းက ဟိုပုံး၊ ကျောက်တန်း၊ လက်သဲ့ဒေသများပါမကျန် ပွန်ချောင်း၏ အရှေ့ဘက်က မိုးနဲ၊ မောက်မယ်၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ကဒူးကြီး၊ ကဒူးလေးဒေသများ၊ ဆီဆိုင်၊ ပင်လောင်းနှင့် တီကျစ်၊ နောင်တရားဒေသများ အပါအဝင် နေရာဒေသအားလုံး တည်ငြိမ်အေးချမ်းခဲ့သည်။ နိုင်ငံတော်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မဲနယ်တောင်တန်းကြီးပေါ်သို့ ဖြာဆင်းလာသော ငြိမ်းချမ်းရေးရောင်ခြည်သည် ပအိုဝ်းဒေသများအားလုံးကို အေးမြစေခဲ့သည်၊ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်မှာ အငြင်းပွားဖွယ်ရာ မရှိပေ။**

### နယ်စပ်ရေးရာဝန်ကြီးဌာန

၂၄-၉-၁၉၉၂ တွင် စတင်ဖွဲ့စည်းသန္ဓေတည်ခဲ့ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နယ်စပ်ဒေသရှိ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနသည် “မဲနယ်တောင်တန်း နှင့် ပွန်ချောင်းဒေသ”တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြေသားလမ်း ၆၃ မိုင်၊ ကျောက်လမ်း ၄၇ မိုင် ခနစ်ဖာလုံ၊ ကတ္တရာလမ်း ငါးမိုင်လေးဖာလုံ၊ ကွန်ကရစ်တံတားသုံးစင်း၊ မီးလင်းရေးလုပ်ငန်းတစ်ခုတို့ကို စုစုပေါင်းရန်ပုံငွေ ၃၆၄၄ ဒသမ ၀၄၁ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံး ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ လူမှုဝန်ထမ်းနှင့် သမဝါယမလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ပြည်ထဲရေးဆိုင်ရာလုပ်ငန်း၊ သာသနာရေးလုပ်ငန်း၊ အထွေထွေလုပ်ငန်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ ထောက်ပံ့ငွေအသုံးစရိတ်များ၊ မူးယစ်အစားထိုးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သဘာဝဘေးလုပ်ငန်းများ စသည့်ဖွံ့ဖြိုးရေးကဏ္ဍအသီးသီးအတွက် စုစုပေါင်းခွင့်ပြုရန်ပုံငွေ ကျပ် ၄၉၇၀၄ ဒသမ ၅ သန်းဖြင့် ဒေသခံများ၏ လိုအပ်ချက်ကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် မဲနယ်တောင်တန်းဒေသတွင် မြေလမ်းများ၊ ကျောက်လမ်းများ၊ ကတ္တရာလမ်းများ၊ တံတားများ၊ ရေထုတ်ပြွန်များဖြင့် သွားရေးလာရေး ဖြောင့်ဖြူးခဲ့ပေပြီ။ ခရီးသွားလုပ်ငန်းများလည်း အတန်အသင့် ဖွံ့ဖြိုးခဲ့လေပြီ။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ခိုင်မာလာသည်နှင့်အမျှ ထောပတ်၊ သနပ်ဖက်၊ ကော်ဖီတို့ကို စီးပွားဖြစ် စိုက်ပျိုးနိုင်၍ ဝင်ငွေတိုးခဲ့ကြလေပြီ။ ကျေးရွာများတွင် ဆိုလာမီး၊ လျှပ်စစ်မီးများဖြင့် အလင်းရောင်များ ထိန်ထိန်ညီးခဲ့ပေပြီ။ သောက်ရေ သုံးရေများ ပေါ်ကြွယ်ခဲ့ပေပြီ။ စာသင်ကျောင်းများမှ ကလေးငယ်တို့၏ စာအံသံများ လွှင့်ပျံ့နေပေပြီ။ သာသနာရေး ရောင်ခြည်သည်လည်း ပိုမိုထွန်းလင်းတောက်ပခဲ့နေလေပြီ။

ဒေသခံများ၏ အပြုံးပန်းများနှင့်အတူ ရာသီအလိုက်ပွဲတော်များမှ အိုးစည်သံ၊ မောင်းသံ ဗေထုံညံတို့သည်လည်း ဖွံ့ဖြိုးလှပနေသော မဲနယ်တောင်တန်းအနှံ့ ပျံ့နှံ့စည်ဝေခဲ့လေပြီ။ ။

# မသန်စွမ်းလူငယ်များ ကိုယ်ပိုင်ဝင်ငွေရရှိနိုင်စေရန်အတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေး သင်တန်းဖွင့်

နေပြည်တော် ဇန်နဝါရီ ၃၁

**မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကျောင်းအတတ်ပညာ ရရှိစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က နေပြည်တော် လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း(၂)၌ ကျင်းပသည်။**



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက မသန်စွမ်းလူငယ်များ အိုးမကွာ အိမ်မကွာ အရင်းအနှီးနည်းနည်းဖြင့် စီးပွားဖြစ် လုပ်ကိုင်နိုင်ပြီး ကိုယ်ပိုင်ဝင်ငွေရရှိနိုင်စေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ ဒေသတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ (MSME) အရှိန်အဟုန်မြင့် တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ မသန်စွမ်းလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာအောင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဟန်ချက်ညီအောင် ဖြည့်တင်းပေးရန် လိုအပ်ကြောင်း၊ လူငယ်ရေးရာ ဦးစီးဌာနအနေဖြင့်လည်း မသန်စွမ်းလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဓိကရှေ့လုပ်ငန်းစဉ်ကြီး (၃)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယခုသင်တန်းအပြင် အခြားကုန်ထုတ်လုပ်မှုသင်တန်း၊ လက်မှုအတတ်ပညာသင်တန်းများကိုလည်း ထပ်မံ၍ ဖွင့်လှစ်နိုင်ရေးကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ မသန်စွမ်းလူငယ်များ ပညာသင်ကြားရေးနှင့် ပတ်သက်၍ အခြေခံပညာသင်ကြားရန် အခက်အခဲရှိပါက တင်ပြနိုင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင်လည်း အားကစားသင်တန်းများ ဖွင့်လှစ်သည့်အခါ မသန်စွမ်းလူငယ်များအတွက် နွေရာသီအားကစားသင်တန်းများပါ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန် စနစ်တကျ ပြုစုပျိုးထောင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရန်လိုကြောင်းနှင့် သင်တန်းတွင် ပို့ချသော စာတွေ့လက်တွေ့ သင်ခန်းစာများကို သင်တန်းသား သင်တန်းသူများအနေဖြင့် သေချာစွာကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ လယ်ဝေးမြို့နယ် အားကစားလေ့ကျင့်ရေးစခန်း(၂)၌ သင်တန်းသား သင်တန်းသူ ၂၉ ဦးကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှ သင်တန်းနည်းပြ ဒေါ်စုလှိုင်မြင့် (ဦးစီးအရာရှိ)နှင့် ဒေါ်ခိုင်ခိုင်မော် (ဒုတိယဦးစီးမှူး)တို့က ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်နှင့် Hand Gel ပြုလုပ်နည်းများကိုစာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် မသန်စွမ်းအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် စာရေးဆရာ နွေကံ့ကော် (မြို့လှ) ၏ "လူ့ဘဝခဏတာ မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကျွန်တော်နှင့် ငယ်ဘဝ၊ ကျွန်တော်နှင့် တက္ကသိုလ်ကျောင်းသားဘဝများ၊ ကျွန်တော်နှင့် အိမ်ထောင်သည်ဘဝ၊ ပြောပြချင်သည့် အကြောင်းလေးများ စသည့် အခန်းလေးခန်းခွဲ၍ ရေးသားထားပြီး ဆရာကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဘဝခရီးနှင့် အခက်အခဲအဟန့်အတားများကို ခိုင်မာ သောစိတ်ဓာတ်၊ မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဖြတ်ကျော်ခဲ့ပုံတို့ကို လူငယ်များ အတုယူအားကျဖွယ်ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉- ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## ချောင်းဦးမြို့၌ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က လှူဒါန်းသည့် အရန်ဆန်ရိက္ခာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်

**ချောင်းဦး ဇန်နဝါရီ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၃၀ ရက်က ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က လှူဒါန်းသည့် အရန်ဆန်ရိက္ခာနှင့် ဆက်စပ်ပစ္စည်းများ ထပ်ဆင့်ပေးအပ်လှူဒါန်းသည့် အခမ်းအနား ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုကိုးအုပ်စုမှ တောင်သူများအား တက်ရောက်လာသည့် တာဝန်ရှိသူများက APTERR Tier-3 အစီအစဉ်ဖြင့် ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က လှူဒါန်းသည့် အရန်ဆန်ရိက္ခာနှင့် ဆက်စပ်ပစ္စည်းများ ထပ်ဆင့်ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုကိုးအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ ရွှေလုပ်ငန်းရှင်နှင့် ကုန်သည်ပွဲစားများ တွေ့ဆုံဆွေးနွေး

**နတ်မောက် ဇန်နဝါရီ ၃၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ရွှေလုပ်ငန်းရှင်များနှင့် ကုန်သည်ပွဲစားများဖြင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်က နတ်မောက်မြို့နယ်၌ ရွှေဆိုင်ခြောက်ဆိုင်နှင့် ပွဲရုံများကို ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဆိုင်ရာ အကြောင်းအရာမှ အိမ်ခြံမြေရောင်းဝယ်ရေး၊ အဖိုးတန်သတ္တု ရောင်းဝယ်ရေးဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့နယ်အဆင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ဆောင်ရမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ကိုကိုက ဒေသအတွင်း နယ်မြေလုံခြုံရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**လှဝင်း**





# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၆၀ ဆူ | ၁၆၀ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၄၃၂၉. ၀၂ | ၂ | - | ၂ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၅၈၂၆. ၀၅ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၇၅ ကျင်း | ၂၀၄၄. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈ ကျင်း | ၂၇ ကျင်း | ၁၉၁ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၁ ကျင်း | ၂၃ ကျင်း | ၅၈၈၈ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၂၈ သိန်း | ၁၇၄၀၃ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၃ စုံ | ၄၉၇ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၃၆**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါစက်ကိရိယာများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Desktop Computer
- CPU – Intel Core i5 12 th Gen, Asus H–610 ME Motherboard, DDR4 2666 MHz 8 GB Memory, HDD 4 TB, Power Supply 700 W, Lite on Drive, View Sonic 21.5” Monitor, Normal Casing, East 650 VA UPS, A4 Tech 8520 D Keyboad + Mouse, TP–Link Wireless Adapter

(ခ) Laptop Computer
- Dell HP 15S FQ5073TU, CPU: Intel Core i5–1235 U Processor, Memory: 8 GB DDR4–3200 MHz RAM, Storage: 512 GB PCle , NVMe™ M.2.SSD, OS: Windows 11 Home

(ဂ) Copier (Canon 2725 i)
- Network print controller (UFR II LT) Supports
- PCL printer driver, 9999 copies, Windows 2000/10/Server 2003/Vista/Server 2008/Win 7/ Mac OSX (10.4.9 or later) (Standard Feature: Copier, Printer, Scanner, Ethernet Network & Remote UI, Scan to E mail, Wireless, Mobile Print) (25 PPM, 25–400% Zoom, A3 Size)

(ဃ) Printer (hp 137 Fnw)
- B & W All–in–one Laser Printer – Print, Copy, Scan, Fax 20 ppm , Auto Document Feeder 1200 x 1200 dpi Resolution , 60–163 gsm Paper, 150 Sheet Input Tray, 100 sheet Output Tray. 10,000 pages Monthly Duty Cycle A4, Legal, USB, Ethernet, 128 MB Memory, Wireless, HP Smart App, Print from & Scan to your Mobile Devices

(င) Printer (Canon LBP 2900)
- 12 PPM Black & White Laser Printing A4, USB interface,600 x 600 dpi

၂။ ဈေးပြိုင် အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/ အဖွဲ့အစည်းကိုယ်တိုင် (သို့မဟုတ်) ၎င်းတို့၏တရားဝင် ကိုယ်စားလှယ်အဖြစ်လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။ တရားဝင်ဝယ်ယူထားသူများ၏ မူရင်း အဆိုပြုလွှာပုံစံများကိုသာ လက်ခံပါမည်။

၃။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား ပစ္စည်းတစ်မျိုးအတွက် တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၁-၂-၂၀၂၃ ရက်နေ့မှစ၍ ၂၈-၂-၂၀၂၃ ရက်နေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂) တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ် (၂၂) ရှိ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌထံ လိပ်မူ၍ ၂၈-၂-၂၀၂၃ ရက်နေ့ ညနေ ( ၁၆ : ၀၀ ) နာရီ နောက်ဆုံးထားပြီး လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၀၄၂၃၄၊ ၀၆၇-၃၄၀၄၃၁၁ နှင့် ၀၆၇-၃၄၀၄၃၀၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ အနောက်ပိုင်းတက္ကသိုလ်ဓာတ်အား ခွဲရုံ၊ ၂၃၀ ကေဗွီ ရွှေမြို့ ဓာတ်အားခွဲရုံတိုးချဲ့ခြင်းနှင့် ၂၃၀ ကေဗွီ မင်းလှဓာတ်အား ခွဲရုံတိုးချဲ့ခြင်း စီမံကိန်းများအတွက် လိုအပ်သော 230/66/11kV(33.33)MVA Single Phase Power Transformer and Related Accessories(8)Nos နှင့် 230/33/11kV(33.33)MVA Single Phase Power Transformer and Related Accessories (3)Nos တို့အား သယ်ယူပို့ဆောင်ရန်(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ် ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၄-၂-၂၀၂၃)ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အ တွင်း လာရောက်စုံစမ်းဝယ်နိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal(www.moep.gov.mm)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း၊နေပြည်တော်) လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း၊ နေပြည်တော်)တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူး နေရာ | ပညာအရည်အချင်း ကန့်သတ်ချက် |
|---|---|---|---|
| (က) | သရုပ်ပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၁)နေရာ | တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(B.V.Sc) တိရစ္ဆာန်ဆေးပညာဘွဲ့(D.V.M) မွေးမြူရေးပညာဘွဲ့(B.A.Sc) လျှောက်ထားသည့် ဘာသာရပ်တွင် (၆၅) မှတ်နှင့် အထက် (Credit) ရရှိရမည်။ |
| (ခ) | စာရင်းကိုင်-၂ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂) နေရာ | ငွေစာရင်းဌာနတွင် ခန့်ထားရန်အတွက်- (၁) B.BSc (Accounting & Finance) / (၂) B.BSc (Applied Statistics) / (၃) B.Econ (Eco)/ (၄) B.Econ (Stats)/ (၅) B.Com / (၆) B.Act |
| (ဂ) | အငယ်တန်း အင်ဂျင်နီယာ-၂ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၂) နေရာ | အင်ဂျင်နီယာဌာနတွင် ခန့်ထားရန်အတွက်- B.E (Civil/EP/EC/IT)/ B.Tech (Civil/EP/EC/IT)/ B.C.Sc (Software Engineering) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (အခြားဌာနမှ ဝန်ထမ်းဖြစ်လျှင် အသက်(၄၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။)
(ဂ) ရေးဖြေ စာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုရမည်။
(ဃ) ကျန်းမာရေး ကောင်းမွန်ရမည်။
(င) အနည်းဆုံးလုပ်သက် (၅)နှစ် တစ်ဆက်တည်း တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
သတ်မှတ်လုပ်သက် (တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၁၀၀၀၀၀၀ိ/- (ကျပ် ဆယ်သိန်း) ပေးလျော်ရမည်။)

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်
(စ) လျှောက်ထားလိုသည့်ရာထူး
(ဆ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
(ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့် အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) သက်ဆိုင်ရာကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ဘွဲ့လက်မှတ်မိတ္တူနှင့် နှစ်အလိုက် အမှတ်စာရင်းမိတ္တူများကို ပူးတွဲတင်ပြရမည်။ (မူရင်းများအား လူတွေ့ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း။
(ဂ) (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ (၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန် ထောက်ခံချက် ဆေးလက်မှတ်မူရင်း။
(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့် ဌာနထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ နေပြည်တော်သို့ (၁၅-၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်ထံ လိပ်မူပြီး (၁၇.၂.၂၀၂၃) ရက်နေ့ အရောက်ပေးပို့ လျှောက်ထားရမည်။

၆။ လျှောက်လွှာတင်သွင်းလျှောက်ထားသူများ၏ ဖြေဆိုခွင့်ရရှိသူများစာရင်းကို (၂၀.၂.၂၀၂၃) ရက်နေ့ တွင် ထုတ်ပြန်ကြေညာပေးမည်။ အရည်အချင်းစစ်ဆေးရန်အတွက် ရေးဖြေစာမေးပွဲအား မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့အား အောက်ပါနေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို (၂၂-၂-၂၀၂၃)ရက်နေ့ ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၂၃-၂-၂၀၂၃ (ကြာသပတေးနေ့) | နံနက်(၉:၀၀)နာရီမှ (၁၁:၀၀) နာရီ ထိ |
| (ခ) | အထွေထွေဗဟုသုတ | ၂၃-၂-၂၀၂၃ (ကြာသပတေးနေ့) | မွန်းလွဲ(၁၃:၀၀)နာရီမှ (၁၅:၀၀) နာရီ ထိ |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို (၂၇-၂-၂၀၂၃)ရက်နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ( ၂၈-၂-၂၀၂၃) ရက်နေ့ နံနက်( ၉:၀၀)နာရီတွင် ပြုလုပ်မည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvs.edu.mm နှင့် Facebook Page ဖြစ်သော www.facebook.com/uvsyznmyanmar မှတစ်ဆင့် ကြေညာပေးသွားမည် ဖြစ်ပါသည်။

၉။ အချိန်မီရောက်ရှိခြင်းမရှိသော၊ အချက်အလက်ပြည့်စုံ မှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်-ရေဆင်း၊ ဝန်ထမ်းရေးရာဌာန၊ ဖုန်း-၀၆၇ ၃၄၁၆၆၅၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးအဆင့် ရာထူးအနွယ်(၉)မျိုးမှ အမှုထမ်းရာထူး(၁၄၈) နေရာအတွက် လူတွေ့အောင်မြင်သူများစာရင်းထုတ်ပြန်ကြော်ငြာခြင်း

## ကြော်ငြာစာအမှတ် (၂/၂၀၂၃)
## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း၊ ဒုတိယဦးစီးမှူးအဆင့် ရာထူးအနွယ် (၉) မျိုးမှ အမှုထမ်းရာထူး (၁၄၈) နေရာတွင် ခန့်ထားရန် လူတွေ့ အောင်မြင်ခဲ့သူများ၏ စာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) ဒု-ဦးစီးမှူး (မြို့ပြ)
C–3,C–4,C–5,C–6,C–8,C–9,C–11,C–13,C–14,C–15,C–16,C–17,C–18,C–19,C–24, C–26,C–29,C–30,C–32,C–33,C–35,C–36,C–37,C–40,C–43,C–44,C–45, C–46,C–47, C–48,C–49,C–50,C–51,C–54,C–57,C–58,C–59,C–60,C–62,C–64, C–65, C–68,C–69, C–72, C–74, C–75, C–81, C–82, C–83, C–90, C–99.

( ခ) ဒု-ဦးစီးမှူး(စက်မှု)
M–4, M–5, M–6, M–8, M–9, M–11, M–12, M–13, M–15, M–17, M–18, M–19, M–20,M–21,M–22,M–24, M–26, M–27,M–33, M–34, M–39, M–40, M–44, M–46, M–49, M–51, M–53,

( ဂ ) ဒု-ဦးစီးမှူး(လျှပ်စစ်)
E–7, E–8, E–9, E–11, E–14, E–18, E–19, E–23, E–24, E–30, E–33, E–34, E–36, E–39, E–41, E–42, E–45, E–47, E–48, E–62, E–70, E–86, E–87 .

( ဃ ) ဒု-ဦးစီးမှူး(ဘူမိ)/ဒု-ဦးစီးမှူး(မိုင်း)/ကွန်ပျူတာလုပ်ဆောင်ရေးမှူး/စာကြည့်တိုက်လက်ထောက်-၂
G–8, G–10, G–15.
MI–1,MI–3.
Com–1,Com–2,Com–3,Com–4,Com–5.
L–1.

( င ) စာရင်းကိုင်(၂)/ဒု-ဦးစီးမှူး(ပစ္စည်း)
A–1, A–3, A–6, A–7, A–8, A–9, A–10, A–11, A–12, A–13, A–14, A–16.
P–6,P–23,P–26,P–27,P–31,P–36,P–40,P–52,P–62.

၂။ အဆိုပါ လူတွေ့အောင်မြင်သူများသည်(၁၅-၂-၂၀၂၃)ရက်နေ့ နံနက်(၀၉:၀၀)နာရီထက်နောက်မကျစေဘဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ(ရုံးချုပ်)၊နေပြည်တော်သို့ လူကိုယ်တိုင်လာရောက်သတင်းပို့ရမည် ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)၊တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဒီပလိုမာ/ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)များအားယူဆောင်လာရန်နှင့်ကတိဝန်ခံချက်စာချုပ်ချုပ်ဆိုမှုများပြုလုပ်ရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသောနေ့ရက်တွင် လာရောက်သတင်းပို့ရန် ပျက်ကွက်သူများနှင့် အကြောင်း အမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်း မပြုနိုင်သူများ၏ ရာထူးနေရာများ၌ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အမှတ်စဉ် ၂၀ (င) ( ၉ ) အရ ဝန်ထမ်းရွေးချယ်ခန့်ထားရေး တန်းစီဇယားအမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက် ရွေးချယ်ခန့်ထားမည်ဖြစ်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် (၀၆၇ - ၈၁၀၄၁၇၆နှင့်၀၆၇- ၈၁၀၄၁၇၉) တို့အား ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

# ထားဝယ်တက္ကသိုလ် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

| | | |
|---|---|---|
| ၁။ ခေါ်ယူသည့်တင်ဒါ | - | ထားဝယ်တက္ကသိုလ်၏ (၁၉)ကြိမ်မြောက်နှင့် ပထမအကြိမ်မြောက် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင်အခမ်းအနား ဓာတ်ပုံနှင့် ဒီဗီဒီ ရိုက်ကူးရေးလုပ်ငန်း |
| ၂။ တင်ဒါသက်တမ်း | - | ၂၆-၂-၂၀၂၃ရက် (တနင်္ဂနွေနေ့) |
| ၃။ တင်ဒါပုံစံရောင်းချမည့်နေရာ | - | ထားဝယ်တက္ကသိုလ်၊ ငွေလက်ခံဌာန |
| ၄။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၃၀-၁-၂၀၂၃ရက် (တနင်္လာနေ့) |
| ၅။ နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်၊ | - | ၉-၂-၂၀၂၃ရက် (ကြာသပတေးနေ့) ၁၄:၀၀နာရီ |
| အချိန်၊ နေရာ | - | စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ထားဝယ်တက္ကသိုလ် |

၆။ အသေးစိတ်အချက်အလက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ မော်ကွန်းထိန်း၊ သင်တန်းရေးရာ၊ တယ်လီဖုန်းအမှတ်-၀၉-၄၄၉၀၁၅၅၁၈ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(၁၉)ကြိမ်မြောက်နှင့် ပထမအကြိမ်မြောက်(အဝေးသင်သင်တန်း)**
**ဘွဲ့နှင်းသဘင်ဓာတ်ပုံနှင့် ဒီဗီဒီတင်ဒါကြီးကြပ်မှုကော်မတီ**
**ထားဝယ်တက္ကသိုလ်**

# ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/6523 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ အထက ဟင်းစနဲကျောင်း Grade-10 မှ (ဘ)ဦးကျော်လှိုင် ၁၁/မအန(နိုင်) ၀၃၉၀၂၄ ၏ သား မောင်အောင်ဟိန်းစိုး၏ အမည်မှန်မှာ မောင်ဟိန်းစိုး ၁၁/မအန (နိုင်) ၀၇၇၇၀၅ ဖြစ်ပါကြောင်း။

**မောင်ဟိန်းစိုး**

# ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ (မြို့လှ) အထက Grade-10 မှ မသကြာ်နှင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၉/ရမသ (နိုင်)၂၆၀၇၁၂ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်း**

# တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်နေ ဦးမောင်မောင်ဌေး၏ သမီး မသက်ဖူးနွယ်(ခ)မသွန်းနန္ဒာထက် ၉/ရမသ(နိုင်) ၂၃၃၀၀၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လစ်လပ်လျက်ရှိသောရာထူးနေရာများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်-

(က) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၄)နေရာ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ (ကွန်ပျူတာအခြေခံတတ်မြောက်၍လက်တွေ့အသုံးပြုဆောင်ရွက်နိုင်သူဖြစ်ရမည်။)

(ဂ) လျှောက်ထားသူသည် (၁-၂-၂၀၂၃)ရက်တွင် ပြင်ပဖြေ အသက်(၃၀)နှစ်၊ အစိုးရ ဝန်ထမ်းအသက် (၃၅)နှစ်ထက်မကြီးရ။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါကင်းရှင်းသူ ဖြစ်ရမည်။ (ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်ရမည်။)

(င) ပါတီနိုင်ငံရေးကင်းရှင်းပြီး ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် ပါရှိရမည်။ (ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့)

(စ) ဌာန၏ လုပ်ငန်းတာဝန်များအား အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ အထက်ပါရာထူးနေရာများသို့ လျှောက်ထားသူသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်သို့ (၁၅-၂-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိ တာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ၂၂-၂-၂၀၂၃ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ပေးပို့ရန်ဖြစ်ပါသည်။

၄။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို ထည့်သွင်း လက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၅။ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးအတွက် ရေးဖြေစာမေးပွဲများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ရုံးချုပ်တွင်ကျင်းပသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများအား နှုတ်ဖြေစာမေးပွဲဖြေဆိုမည့် ရက်အား ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-

| | | |
|---|---|---|
| (က) | နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | (၁)စောင် |
| (ခ) | အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ | (၁)စောင် |
| (ဂ) | တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ | (၁)စောင် |
| (ဃ) | ပညာအရည်အချင်းထောက်ခံချက် | (၁)စောင် |
| (င) | ရပ်ကွက်ထောက်ခံစာ | (၁)စောင် |
| (စ) | ရဲစခန်းထောက်ခံစာ | (၁)စောင် |
| (ဆ) | ဆေးလက်မှတ် | (၁)စောင် |
| (ဇ) | အိမ်ထောင်စုဇယားမိတ္တူ | (၁)စောင် |
| (ဈ) | ဓာတ်ပုံ | (၂)ပုံ |

၇။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website www.mopf.gov.mm နှင့် www.facebook.com/budgetdepartment တို့တွင် ရယူလျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်)၊ စီမံရေးရာဌာနစုသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၅၃၀ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)ပါ ကြော်ငြာစာနှင့် (၂၉-၁-၂၀၂၃)ရက်စွဲပါ ဒေါ်ခင်ဝင်းသို့ လိပ်မူပေးပို့သည့် အကြောင်းကြားစာတို့၌ ဖော်ပြပါရှိသည့် မြေကွက်အမှတ်(၄၈၁)ကို (၄၀၈)ဟု လည်းကောင်း၊ သြရသဆိုသည့် စကားရပ်အစား အကြီးဆုံးသားဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအသိပေးအပ်ပါသည်။

**ဦးအောင်ဆန်းထွန်း**
**အထက်တန်းရှေ့နေ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/B)၊ လူနေရပ်ကွက်အမှတ် (ပျဉ်းမ ပင်မြောက်)၊ မြေကွက်အမှတ် (၂၆၃)၊ စပါယ်လမ်း၊ မြေရီယာ ၀ဒသမ၀၈၂ကေရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းမောင် ၁၂/မဂဒ(နိုင်)၁၇၅၀၆၂ (BDN-၀၄၅၇၅၆) မှ တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန် ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) (LL.B)**
**အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ (၇)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၂၀)နေရာများအတွက် အမျိုးသား၊ အမျိုးသမီး(ကျား/မ) မရွေးလျှောက်ထားနိုင်ရန် ခေါ်ယူခြင်းဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တွင် ကနဦးလစာ ကျပ်၂၁၆၀၀၀/-ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်-

- (၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.com)
- (၂) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
- (၃) စီးပွားရေးပညာဘွဲ့(စာရင်းအင်းပညာ)B.Econ(Statistics)
- (၄) စာရင်းကိုင်ပညာဘွဲ့B.Act
- (၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
- (၆) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
- (၇) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)
- (၈) စီးပွားရေးသိပ္ပံဘွဲ့(B.B.Sc)
- (၉) ဝိဇ္ဇာဘွဲ့(စီးပွားရေးသိပ္ပံ) B.A(BS)
- (၁၀) ဝိဇ္ဇာဘွဲ့(စီးပွားရေးပညာ) B.A(Eco)
- (၁၁) ကွန်ပျူတာသိပ္ပံဘွဲ့B.C.Sc
- (၁၂) ကွန်ပျူတာနည်းပညာဘွဲ့(B.C.Tech)
- (၁၃) သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)B.Sc(Computer Science)
- (၁၄) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)

(ဂ) ၁-၂-၂၀၂၃ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းများအား အသက် (၃၀)နှစ်အထိ ခွင့်ပြုသည်။

(ဃ) ဌာနတွင် အနည်းဆုံးသုံးနှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ နေပြည်တော်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများတွင် ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့် ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတတို့ ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းကို ထပ်မံဖြေဆိုရမည်။ စာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ပေးသွင်းရမည် ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624သို့ ငွေစာရင်းခေါင်းစဉ် ၇။ ၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ပစ္စည်းများရောင်းချ ရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး(၂) ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှ ပေးသွင်းသူများသည် Fax- ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ

(က) ဝင်ကြေးပေးသွင်းသည့်ချလန်(မူရင်း)

(ခ) ဘွဲ့လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) ပတ်စ်ပို့အရွယ်ဓာတ်ပုံငါးပုံ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဇ) (၆)လအတွင်းရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

(ဈ) (၆)လအတွင်းရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်မူရင်းတို့ ပါရှိရမည်။

၈။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ website www.mopf.gov.mm နှင့် www.facebook.com/budgetdepartment တို့တွင် ရယူလျှောက်ထား နိုင်ပါသည်။

၉။ လျှောက်လွှာများကို နေပြည်တော်ကောင်စီနယ်မြေမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)ရုံးအမှတ်(၂၆)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများအတွက် ညွှန်ကြားရေးမှူး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနများသို့လိပ်မူ၍ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ မှတ်ပုံတင်စာပြုလုပ်၍လည်းကောင်း ၁၅-၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန် ဖြစ်ပါသည်။

၁၀။ ဝန်ထမ်းများသည် ဌာနအကြီးအကဲခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန် ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၂၂-၂-၂၀၂၃ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ပါရန်၊ လျှောက်လွှာမိတ္တူတစ်စောင်ကို ၁၅-၂-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာ ဌာနစု၊ တယ်လီဖုန်းအမှတ်(၀၆၇-၃၄၁၀၅၃၀)သို့ ဆက်သွယ်မေးမြန်းရန် ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ထူပါရုံ(၅)လမ်း အနောက်၊ တိုက်အမှတ်(၁၀၄၂/ခ)မြေပေါ်တွင် ဆောက်လုပ်ထားသော ပထမထပ် (မှန်ခန်း)၊ (အလျား ၁၈ပေxအနံ ၅၄ပေ)ရှိ တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်သန်းလှ ၉/မရတ(နိုင်)၁၀၄၃၉၉၈၏ကိုယ်စားရောင်းချသူ ဒေါ်ဆုမြတ်မွန် ၁၂/သကတ(နိုင်)၁၈၄၉၄၃ ထံမှဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မိုးဝင်း ၁၂/ပဘတ(နိုင်)၀၂၈၁၃၄မှ စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများနှင့်အတူ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲမင်းထွဋ် (စဉ်-၁၂၁၆၁) LL.B, Diploma in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၇၅)၊ ဇမ္ဗူသီရိ (၃)လမ်းအရှေ့၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၇၉၉၆၁၁၃၀၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/1184 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## အသိပေးကြေညာခြင်း

(ဘ)ဦးအုန်းသာ၏သား ကျော်စွာမိုးနှင့်(ဘ)ဦးကြည်အောင်၏သမီး မိဝင်းဝင်းဌေးတို့ လင်မယားမှ ၎င်းတို့နေထိုင်ပိုင်ဆိုင်လျက်ရှိသော ဘားအံမြို့၊ ထုံးအိုင်ကျေးရွာ၊(၂)ရပ်ကွက်၊ ဒေါင်းဒွဲကွင်း၊ အကွက်အမှတ် ၁၂၃၁၊ အလျား ၂၃ပေ xအနံ သံလွန်မြစ်စပ်ထိနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်ပု တစ်လုံးတို့အား ကာလတန်ဖိုး ကျပ်သိန်း(၂၀၀)ဖြင့် ထုံးအိုင်ကျေးရွာနေ ဦးအောင်စိန်၏သမီး ဒေါ်အေးမွန် ၃/ဘအန(နိုင်)၀၃၁၈၆၁ ထံ အရပ်ကတိစာချုပ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေလပိုင်းတွင်ရောင်းချခဲ့ပြီး ဒေါ်အေးမွန်ထံမှ ဒေါ်သန်းသန်းအေး ၁၀/သထန(နိုင်)၀၃၁၂၉၇ သည် ယခင်ဈေးနှုန်းအတိုင်း ၂၀၂၂ ခုနှစ်တွင် အရပ်ကတိစာ ချုပ်ဖြင့် ထပ်မံဝယ်ယူ လက်ရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် ကန့်ကွက်လိုပါက သတင်းစာကြော်ငြာသည့်ရက်မှရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်သန်းသန်းအေး**

## ဖခင်အမည်မှန်

မင်းဘူး(စကု) မြို့နယ်၊ တောင်မန်းကျေးရွာ၊ အထက (ခွဲ) Grade-9 မှ မောင်စတီဗင်ထွန်း၏ ဖခင် ဦးထွန်းထွန်းနိုင်၏ အမည်မှန်မှာ ဦးတွန်ဟဲလျန် ၅/ကလထ(နိုင်)၁၂၆၁၆၈ ဖြစ်ပါကြောင်း။

**ဦးတွန်ဟဲလျန်**

## မွေးသက္ကရာဇ်အမှန်

ဦးထွန်းလွင်အောင် ၏သား ကျိုင်းတုံမြို့၊ အထက(၅) Grade-4(B) မှ မောင်အာကာကောင်းမြတ်၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၉-၂၀၁၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သိင်္ဂီလမ်း၊ အမှတ်(ဇ-၉၃)နေ ဒေါ်သင်းသင်းခိုင်(ဘ)ဦးသောင်းညွန့် ၉/ပဥလ(နိုင်)၀၅၆၅၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ယခင်-ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(စ-၁၃)၊ ယခု-ရပ်ကွက်ကြီး(၁၀)၊ ကွင်းအမှတ်(၂/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၄၁၄)၊ မြေရီယာ(၀ဒသမ၀၄၆)ကေရှိမြေကွက်အား မြို့မြေနေရာချ ထားရေးကော်မတီ၊ မြေချထားပေးသည့် အမိန့်အမှတ်စဉ် (၁၄၇၃)အရ ဦးရွှေမြင့် အမည်ဖြင့် မြေပေးမိန့်ရရှိထားပြီး ဦးရွှေမြင့် ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၁၂/၂၀၂၂) အရ ဇနီးဖြစ်သူ ဒေါ်မြင့်ကြည် (ဘ)ဦးအေး ၉/မမန(နိုင်) ၀၀၇၂၆၅အမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဆက်စပ်စာချုပ်များဖြင့် လက်ရှိထားဝယ်ယူပိုင်ဆိုင်သူ ဦးပြည့်ဖြိုးမောင် (ဘ) ဦးမောင်မောင်လှ ၉/မခန(နိုင်)၁၆၂၉၄၆မှ ပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းခိုင်မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ စရန်ငွေကျပ် တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ပိုင်ဆိုင်ကြောင်း ပြောဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာ ရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သင်းသင်းခိုင်** | **ဒေါ်နော်ဆာဝါးထူး(LL.B,D.I.L)** |
| **၉/ပဥလ(နိုင်)၀၅၆၅၆၇** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၁၅)** |
| | **အမှတ်(၆၂၃)၊ ပါရမီလမ်း၊ ရေချမ်းအိုး၊** |
| | **ရပ်ကွက်ကြီး(၁၂)၊ ပြင်ဦးလွင်မြို့** |
| | **ဖုန်း-၀၉-၄၀၂၅၁၀၈၁၈** |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/2717 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/42454, အမျိုးအမည် YAMAHA FINO ယာဉ် လက်ဝယ်ရှိသူ အမည် ဒေါ်ခေမာစာရီ ၉/မနတ(သီ)၀၀၀၅၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တာချီလိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/5650, Man TGA 24 Tractor Head(6x2)ယာဉ် လက်ဝယ်ရှိသူ ဒေါ်ကြည်သာထွေး ၁၄/ကခန(နိုင်)၀၇၄၁၉၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)**
**ရန်ကုန်မြို့**

## ဦးဘုန်းမြင့်(ဘ)ဦးစန်းမောင် ၁၂/သဃက(နိုင်)၀၆၄၉၃၅နှင့် အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ စာချုပ်မှတ်ပုံတင်အမှတ် (၄၀၅/၁၂-၉-၂၀၂၂)အရ ဒေါ်မြဥ္စာဘုန်း ၁၃/တကန(နိုင်)၂၁၀၇၂၆ က ဦးဘုန်းမြင့် ၁၂/သဃက(နိုင်) ၀၆၄၉၃၅သို့ လွှဲအပ်ပေးထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြဥ္စာဘုန်း**
**၁၃/တကန(နိုင်)၂၁၀၇၂၆**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့၊ မြို့မ(၅)ရပ်ကွက်၊ ကွင်းအမှတ် (၁၉၆ ခ)၊ ငှက်ပျောတောကွင်း၊ ဦးပိုင်အမှတ် (၁၄)၊ မြေကွက်အမှတ် (၇၆၇)၊မြေရီယာ ၀ဒသမ ၁၆ ကေခန့်ရှိသော မြေကို ဒေါ်ရီရီချို အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၅)ရက် အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ် အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**ညောင်လေးပင်မြို့**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀နှင့် ဆက်နွယ်သည့်**
**၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၅**

ဒေါ်မြစိန် နှင့် ဦးထွန်းရွှေ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ နောင်အင်ရပ်ကွက်၊ အမှတ် ၅၁နေ ဦးထွန်းရွှေ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်မြစိန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၈၄ခုနှစ် တပေါင်းလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒါလီစိုးညို)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃ ကံဘဲ့၊ မြေကွက်အမှတ် ၄၅/က-၁/A၊ ဧရိယာ(၀ဒသမ၀၆)ဧကေ၊ မြေကွက်တည်နေရာအမှတ်(၃၀၂)၊ မြနန္ဒာလမ်း၊ (၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ (ဦးကျော်ထွေး၊ မမြ)အမည်ပေါက် မြေအမျိုးအစား-မြေပိုင်မြေ လ/န-၃(ခ)မြေအား အမည်ပေါက်(ဦးကျော်ထွေး၊ ဒေါ်မြ)တို့ ကွယ်လွန်၍ သားသမီးများဖြစ်သော ဦးတင်ဦး၊ ဒေါ်ခင်အေးကြူတို့ (၂)ဦးအနက် သမီးတစ်ဦးဖြစ်သူ ဒေါ်ခင်အေးကြူငင်း၏ခင်ပွန်းဖြစ်သူ ဦးဇော်ထွန်းတို့ ကွယ်လွန်သဖြင့် ၎င်းတို့၏ သား/သမီး(၄)ဦးအနက် သားတစ်ဦးဖြစ်သူ ဦးမျိုးမင်းဇော်(လူပျိုကြီးဘ၀ဖြင့်) ကွယ်လွန်သဖြင့် ကျန်သား၊ သမီးများ၊ အမည်ပေါက်၏ မြေးများဖြစ်သော ဒေါ်လွင်လွင်ချို ၁၂/ရကန(နိုင်) ၀၆၃၅၈၂၊ ဦးနေမျိုးဇော် ၁၂/ရကန(နိုင်)၀၆၉၃၇၆၊ ဦးထက်ဇော်အောင် ၁၂/ရကန(နိုင်) ၀၇၄၇၅၅တို့မှ အမည်ပေါက်၏သားဖြစ်သူ ဦးတင်ဦး ၁၂/ရကန(နိုင်) ၀၄၅၇၇၃ နှင့်အတူ မြေပိုင်မြေစာချုပ်၊ ဒေါ်ခင်အေးကြူ ဒေါ်ညိုမြ(ခ) ဒေါ်မြ ဦးမျိုးမင်းဇော် တို့၏ သေစာရင်း၊ ဦးကျော်ထွေးကွယ်လွန်သည်မှာ မှန်ကန်ကြောင်း ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံစာ၊ သေစာရင်းရှာဖွေမတွေ့ရှိကြောင်း တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပြန်ကြားစာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေ စာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း၊ အရောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား ကန့်ကွက် ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7862 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/12835 ယာဉ်လက်ဝယ်ရှိသူ ဦးဂျေးပါရ်ကားစ် ၇/ဖမန(နိုင်)၀၉၇၆၅၅ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/12701 ၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပဝင်း ၇/ထတပ(နိုင်)၀၇၅၄၃၅ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/1099 အမျိုးအမည် Honda Click T-150 အမျိုးအစား M/Cယာဉ်လက်ဝယ် ရှိသူ အမည် ဦးဖြိုးမင်းခိုင် ၈/ပခက(နိုင်)၂၁၁၀၃၀ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/60094 အမျိုးအမည် Honda Dream-125 အမျိုးအစားM/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်မျိုးမြင့် ၁၄/အမန(နိုင်)၁၇၂၇၆၆ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကုမ္ပဏီအမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/ခ)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် (၁၇၇/၁၇၈)တွင် ဖွင့်လှစ်ထားသည့် Myanmar New Power Group Holding Company Limited ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

Myanmar New Power Group Holding Company Limited သည် အထက်ပါ "NP" အမည်အမှတ်အသား ကို ၆-၁-၂၀၂၃ရက်တွင် စာချုပ်အမှတ် ၄/၁၅၇ ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ် အမည်အမှတ်အသားတို့ကို Myanmar New Power Group Holding Company Limited ကုမ္ပဏီမှ ထုတ်လုပ်ဖြန့်ချိအသုံးပြုသည့် ပစ္စည်းများတွင်လည်းကောင်း၊ ကုမ္ပဏီ၏ Letter Head များတွင် လည်းကောင်း၊ ကုမ္ပဏီ၏ဗီနိုင်းစတေကာများတွင်လည်းကောင်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ လက်ကမ်း ကြော်ငြာ၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ အင်တာနက်၊ အီးမေးလ်၊ website၊ Telegram၊ Viber၊ Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ် အသားများပါရှိသည့် Myanmar New Power Group Holding Company Limited ကုမ္ပဏီမှ အထက်ဖော်ပြပါ "NP" ကုမ္ပဏီအမှတ် တံဆိပ် အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်မှသော် လည်းကောင်း၊ လူအများမှသော်လည်းကောင်း၊ အသင်းအဖွဲ့ တစ်ခုခုမှသော် လည်းကောင်း၊ ကုမ္ပဏီတစ်ခုခုအနေဖြင့်သော်လည်းကောင်း တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား၊ ပုံတူပုံမှား ဖြစ်စေမည့် တုပသုံးစွဲခြင်းများ မပြုကြရန်နှင့် ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေမင်းထွန်း (LL.B)** **ဒေါ်ဖူးဝေထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၈၇၂)** **အထက်တန်းရှေ့နေ (စဉ်-၅၁၈၅၃)**
**အမှတ် (၁၁+၁၂)၊ အခန်း (A-2)၊ ဗိုလ်ထွန်းစံရပ်ကွက်၊**
**မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၈၅၈၇၅၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်ငူမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၅-ခ/ ဈေးတန်း အကွက်)၊ ဦးပိုင် (ည-၃/၄)၊ ဧရိယာ ၀ဒသမ ၀၂၈ ဧကအား ဦးတင်မြင့် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးတင်မြင့်အား မြေငှားဂရန် ထုတ်ပေးလိမ့် မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

တောင်ငူမြို့၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်- အုတ်ကျွန်းတန်းတောင်၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ၀ဒသမ ၀၆၂ ဧကနှင့် ဦးပိုင် အမှတ် (၇၉/ဆ)၊ ဧရိယာ ၀ဒသမ၀၃၀ ဧကရှိ မြေကို (ဘိုးဘပိုင် အမည်ပြောင်း) ပေးရန် ဦးရန်အောင်ဆေး အမည်ဖြင့် လျှောက်ထားလာခြင်းအား ကန့်ကွက် လိုသူရှိပါက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် မတိုင်မီ ဆိုင်ရာစာရွက် စာတမ်း အထောက်အထားများနှင့်တကွ ဤမြို့နယ်လယ်ယာမြေ စီမံခန့်ခွဲ ရေးနှင့် စာရင်းအင်း ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက် သည်။

**မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန**
**တောင်ငူမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၉)နေ ဦးမျိုးနိုင်၏သမီး မအေးချမ်းဆု ၁၃/လရန (နိုင်) ၂၅၀၈၅၄သည် ဖခင်ဖြစ်သူ ဦးမျိုးနိုင်၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှင့်ညီမအပေါ် ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ မိမိသဘောဖြင့် ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှ စ၍ မအေးချမ်းဆုအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါ သည်။ **ဦးမျိုးနိုင် ၁၂/ရပသ(နိုင်)၀၂၂၉၂၄**

## ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ ဘာဝနာလိုဏ်ဂူပေါ်ရှိ အရံစေတီတော်အား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းမြတ်ဒါန



မန္တလေးမြို့နေ၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်မြသိန်း (မြဝတီစတိုး) မိသားစုမှ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်ရာတွင် စေတီတော်မြတ်ကြီး၏ မြောက်ဘက်မုခ်ညာဘက် ဘာဝနာ လိုဏ်ဂူပေါ်ရှိ အရံစေတီတော်ကို မျက်ပါးရွှေသင်္ကန်း ကပ်လှူပူဇော်ရန် အတွက် အလှူတော်ငွေ ကျပ် (၃၅၄)သိန်းတိတိကို နာယကကြီး ဦးညွှန့်ဖေ(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး) နှင့် ဂေါပကအဖွဲ့ဝင်များထံ လှူဒါန်း ခဲ့ပါ၍ သာဓုအနုမောဒနာ ခေါ်ဆိုပါသည်။

ဆံတော်ရှင်ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Shandong Zhongxin Kenong Biological Technology Co.,Ltd မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်း မူလဖြန့်ဖြူးသည့် fiends Helper Co.,ltd မှ Nawarat Myay Co.,Ltdသို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင် ပါသည်-

Nawarat Myay Co.,Ltd.Ph-09-401573814

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1. | Prodigy 50 WDG | Pymetrozine 50% WDG | P2021-4363 |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃/စက်မှုဇုန်၊ မြေကွက်အမှတ်-၄၃၈၊ မြေကွက် တည်နေရာ အမှတ်-၄၃၈၊ ပုသိမ်လမ်း၊ ၂၃ စက်မှုလက်မှုရပ်ကွက်၊ ဒဂုံတောင်၊ ဦးတင်ကိုကို (MGN-၁၇၉၃၀၁) အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ကိုကို(ခင်ပွန်း)ဖြစ်သူသည် ၂၉-၇-၂၀၂၁ရက်တွင် ကွယ်လွန်ပြီး ဇနီးဖြစ်သူ ဒေါ်မြမြအေး ၉/မခန(နိုင်)၁၂၄၉၅၁မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်ကြောင်း၊ အခြားတစ်ဦးတစ်ယောက်မျှ အမွေ ဆက်ခံခွင့်မရှိကြောင်း၊ တရားရုံးကျမ်းကျိန်လွှာအမှတ်-၂၃၆၂/၂၀၂၂ (၆-၁၂-၂၀၂၂) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ် ၆၀ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ် RC (၁)လုံးနှင့် (၁) ထပ်သွပ်မိုး၊ ပျဉ်ကာ (၁)လုံးရှိပြီး၊ လူမနေ ဒေါ်မိုးမိုးကြည်အား အဆောက်အအုံငှားထား၍ ဒေါ်မြမြအေးနှင့် ဒေါ်ဖြူဖြူ လွင်တို့မှ သိရှိသဘောတူလက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်မြမြအေး၏ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သဉ္ဇာလွင်နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ပြည်ဂါးဒင်း ရုံးခန်းအဆောက်အအုံတွင် ဖွင့်လှစ်တည်ရှိသော ဇေကမ္ဘာကုမ္ပဏီလီမိတက်(ကန်တော်ကြီးရုံးခွဲ)၊ ငွေစာရင်းအရာရှိချုပ် ဒေါ်ဇင်ရီအေး ၁၃/ကလန(နိုင်)၀၁၅၀၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သဉ္ဇာလွင်နှင့် အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၆၆)၊ (၇)လွှာနေ ဒေါ်သဉ္ဇာလွင်(ဘ)ဦးတိုးလွင် ၁၂/ဒပန(နိုင်)၀၄၆၁၄၀(နိုင်ငံကူးလက်မှတ် MD 996503) ကိုင်ဆောင်သူသည် ဇေကမ္ဘာကုမ္ပဏီလီမိတက်(ကန်တော်ကြီးရုံးခွဲ)၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ ပြည်ဂါးဒင်း ရုံးခန်းအဆောက်အအုံ၊ အခန်းအမှတ်(၁၀၀၅)၊ ငွေစာရင်းဌာနတွင် လက်ထောက် အထွေထွေမန်နေဂျာ ရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ် လွန်ခဲ့သည့် (၁၇-၁-၂၀၂၃)ရက်၌ စာရင်းစစ်အဖွဲ့မှ ငွေစာရင်းဌာနအား ငွေစာရင်းနှင့်ငွေကြေးစစ်ဆေးမှု ပြုလုပ်နေစဉ် စစ်ဆေးမှုမခံယူဘဲ တိမ်းရှောင်သွားခဲ့ပြီး ၎င်းကိုင်တွယ်ရသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ငွေစာရင်းနှင့် ငွေကြေးများ ကွာဟမှု ပေါ်ပေါက်နေသည်ကို စစ်ဆေးတွေ့ရှိရပါ ကြောင်း ယင်းအတွက် စမ်းချောင်းမြို့မရဲစခန်းတွင် ဒေါ်သဉ္ဇာလွင်အား (ပ) ၁၇/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ (၄၀၈) ဖြင့် (၂၀-၁-၂၀၂၃)ရက်၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါ ကြောင်း ဒေါ်သဉ္ဇာလွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတိုးမြင့် (LL.B,D.B.L,WIPO(Switzerland))** **ဒေါ်ပြည့်ဖြိုးခိုင်(LL.B,D.B.L,D.I.L)**
**(စဉ်-၆၂၀၁/၂၂-၅-၁၉၉၅)** **(စဉ်-၄၁၈၄၄/၂၇-၅-၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(၃၄)၊ ဒေးဗစ်ရွှေနုလမ်း၊ သမိုင်း(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၆၄၅၆၃၃၊ ၀၉-၄၂၀၀၇၈၈၈၃**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုလျက်ရှိသော CBM/G–17R (Lot1): Hardware Requirement for Accounting System အတွက် Technical Support Service လုပ်ငန်းအား (၁)နှစ် ရယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်း ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁–၂–၂၀၂၃ ရက်မှ ၁၇–၂–၂၀၂၃ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ email:inframaint@ cbm.gov–mm သို့ ပေးပို့တောင်းခံနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၇–၂–၂၀၂၃ရက် မွန်းလွဲ ၂နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲ၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အား တင်ဒါအာမခံကြေးအဖြစ် (၃)လ သက်တမ်း ရှိသော Bank Guarantee အား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့်အတူ ချိတ်ပိတ်တင်သွင်းရပါမည်။ (ငွေသား သို့မဟုတ် P.O Cheque ဖြင့် တင်သွင်းခြင်းကို လုံးဝလက်ခံမည်မဟုတ်ပါ။)

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန(ရန်ကုန်ဘဏ်ခွဲ)၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း–၀၁–၉၅၅၅၅၃၀နှင့် Email လိပ်စာ inframaint@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ န၀ဒေး(၂)လမ်း၊ တိုက်အမှတ်(၁၇၇)၊ (၃)လွှာ(ဒုတိယထပ်) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၁ ¹/₂ x ၄၇')ဟု ခေါ်တွင်သော တိုက်ခန်း(၁)ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သော ရေ၊ မီးအစုံအလင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မြသူဇာ ၁၁/ဘသတ(နိုင်) ၀၀၀၂၇၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့်ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းချမ်းစုရည်(LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (General Power) ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

အထွေထွေကိုယ်စားလှယ်လွှဲစာ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ၁။ ဒေါ်မာလာလွင် စီဂျီ–၀၅၃၅၈၀၊ ၂။ ဒေါ်သူဇာလွင် စီဂျီ–၀၅၃၅၈၁၊ ၃။ ဒေါ်ခင်မာလွင် အယ်လ်/အာရ်ဂျီအင်န်–၀၂၉၈၂၆၊ ၄။ ဒေါ်တင်ဇာလွင် အယ်လ်/အာရ်ဂျီအင်န်–၀၂၉၈၂၇၊ ၅။ ဦးတင်စိုးလွင် အယ်လ်အာရ်ဂျီအင်န်–၀၃၈၂၂၉၊ ၅။ ခင်ဥမ္မာလွင် အယ်လ်အာရ်ဂျီအင်န် –၀၃၈၃၃၀မှ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ (၁၄၃) နေ ဒေါ်မိုးမိုး အိပ်ချ်ဇက်အေ–၂၀၂၁၀၁ထံသို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၉–၉–၁၉၉၁ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၆၆/၁၉၉၁အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးနေမင်းထွန်း (LL.B)** | **ဒေါ်ဖူးဝေထွန်း (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၆၈၇၂)** | **အထက်တန်းရှေ့နေ (စဉ်–၅၁၈၅၃)** |

**အမှတ် (၁၁+၁၂)၊ အခန်း (A–2)၊ ဗိုလ်ထွန်းစံရပ်ကွက်၊ မင်းနန္ဒာလမ်း၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၈၅၈၇၅၈၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ(General Power) ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်လုံးပြန်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၆နေ ဒေါ်ခင်သန်းဝင်း ၁၂/မဂတ(နိုင်)၀၇၀၄၃၄ မှ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၄၃ နေ ဒေါ်မိုးမိုး (အိပ်ချ်ဇက်အေ–၂၀၂၁၀၁)ထံသို့ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၁၀–၉–၁၉၉၁ ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေ ကိုယ်စားလှယ်လွှဲစာ အမှတ် ၃၄၉၂/၁၉၉၁ အား ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးနေမင်းထွန်း(LL.B)** | **ဒေါ်ဖူးဝေထွန်း(LL.B)၏** |
| **အထက်တန်းရှေ့နေ(စဉ်–၄၆၈၇၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၈၅၃)** |

**အမှတ်(၁၁+၁၂)၊ အခန်း (A–2)၊ ဗိုလ်ထွန်းစံ ရပ်ကွက်၊ မင်းနန္ဒာလမ်း၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉–၇၉၈၅၈၇၅၈၁**

## မြို့နယ် သမဝါယမအသင်းစုလီမိတက် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့ တတိယအကြိမ် လေလံလျှော်ကျွာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ် သမဝါယမအသင်းစုပိုင် အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံအား မျက်မြင်မြေပေါ်ရှိ အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်–

- ဖျာပုံမြို့နယ်၊(၄)ရပ်ကွက်၊ အမှတ် ၅၅၊ ပထမလမ်း၊ မြေကွက်အလျား (၃၁')၊ အနံ(၈၅')၊ စတုရန်းပေ (၂၆၃၅')(၀.၀၆၁)ကေပေါ်ရှိ မြေနှင့် (၂)ထပ်တိုက် အဆောက်အအုံ။
- အိတ်ဖွင့်လေလံလျှော်ကျွာ ရောင်းချမည့်ရက်(၂–၂–၂၀၂၃)ရက်မှ (၈–၂–၂၀၂၃)ရက်အထိ
- လေလံလျှော်ကျွာပိတ်သိမ်းမည့်ရက် (၈–၂–၂၀၂၃) နေ့ (၁၆:၀၀) နာရီ
- လေလံလျှော်ကျွာ ရောင်းချမည့်နေရာ မြို့နယ်သမဝါယမအသင်းစုရုံး၊ အမှတ် ၅၅၊ ပထမလမ်း၊ (၄)ရပ်ကွက်၊ ဖျာပုံမြို့။

၂။ အာမခံစပေါ်ငွေ ပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာ လေလံတင်ရောင်းချရေးအဖွဲ့သို့ တင်ဒါလျှော်ကျွာ ပိတ်သိမ်းမည့် ရက် ၈–၂–၂၀၂၃ရက်၊ ညနေ ၄ နာရီ နောက်ဆုံးထား၍ ပေးသွင်းရန်။

၃။ လေလံလျှော်ကျွာ ပိတ်သိမ်းပြီးနောက် ၉–၂–၂၀၂၃ရက်၊ နံနက် ၁၀နာရီ တွင်အိတ်ဖွင့်လေလံရောင်းချမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက် အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှော်ကျွာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း–၀၉–၄၅၁၂၃၀၄၀၄
၀၉–၄၅၁၂၃၉၇၉၅
၀၉–၂၅၃၃၂၂၃၈၇
၀၉–၄၂၂၄၈၅၅၅၄

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးစိုး (ဘ)ဘားရ်ကူးရှန်း(ခ)ဦးစံမြင့် ၁၃/လလန(နိုင်)၀၀၉၇၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ နှင်းဆီလမ်း၊ နယ်မြေ (၆)၊ အိမ်အမှတ် (၁၁၄)၊ ကွင်းအကွက်အမှတ် (၃)၊ ကွင်း အကွက်အမည် (ဦးကြီးခမ်းတောင်)၊ ဦးပိုင်အမှတ် (၁၁၂)၊ ဧရိယာ ၀ဒသမ၀၇၀ကေသည် ဘားရ်ကူးရှန်း(ခ) ဦးစံမြင့်အမည်ဖြင့် နှစ် ၃၀ ဂရန်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ၎င်းဂရန်မှာ လွန်ခဲ့သော (၅)နှစ်ခန့်က ပျောက်ဆုံးသွားပါသဖြင့် ဂရန်သစ်မိတ္တူမှန် လျှောက်ထားရန်အတွက် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်လိုသူများရှိပါက လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိန်ပေါ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၅၇၅၆)**
**အမှတ် (၂၀၆)၊ သစ္စာလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း–၀၉–၂၅၃၅၁၉၉၅၉**

## သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ကလောခရိုင်၊အောင်ပန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်ခင်မာလွင် ၁၄/မလန(နိုင်)၀၆၂၆၂၅ ၏ သမီးဖြစ်သူ မဝတ်ရည်သန့်(ဘ)ဦးဌေးလွင် ၁၃/ကလန(နိုင်)၁၂၁၁၇၇ သည် မိခင်ဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ပြီး မိခင်၏ ဆိုဆုံးမခြင်းအား လုံးဝနားမထောင်သည့်အပြင် လွန်ခဲ့သော ၂၆–၃–၂၀၂၁ ရက်မှစ၍ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မဝတ်ရည်သန့်နှင့် ပတ်သက်သမျှ မည်သည့်ငွေကြေး ကိစ္စမျှ ဒေါ်ခင်မာလွင် မိသားစုတို့နှင့် မပတ်သက် မသက်ဆိုင်ပါကြောင်းနှင့်တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးစုစုစံ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၃၂၉/၂၇–၂–၂၀၂၀)**
**အမှတ် (၄/၂၇)၊ ရပ်ကွက်(၄)၊ ဘူတာလမ်း၊ ကလောမြို့**
**ဖုန်း–၀၉–၇၉၀၂၃၆၅၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့၊ ကဘဲ့ရပ်ကွက်နေ ဦးစန်းမောင် ၉/သပက(နိုင်)၀၁၆၉၀၆နှင့် မှန်သာရပ်နေ ဦးရွှေမန်း ၉/သပက(နိုင်)၀၁၇၅၇၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးစန်းမောင်နှင့် ဦးရွှေမန်းတို့သည် ၅–၅–၂၀၁၈ ရက်က သပိတ်ကျင်းမြို့နယ်၊ (၄)မိုင်၊ ကံသာကျေးရွာရှိ အရှေ့လားသော်–ဦးဘိုအောင်၏ နေအိမ်၊ အနောက်လားသော် –ဦးခင်စိုး၏နေအိမ်၊ တောင်လားသော်–ကားလမ်း၊ မြောက်လားသော်–ဦးတရုတ်ကြီး နေအိမ်နယ်လေးရပ်အတွင်းရှိ (၀ဒသမ၁၁) ဧကရှိ ခြံဝန်းမြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၃x၂)ခန်း ရှေ့တီးပါ နေအိမ်အပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင် ဦးမောင်ဇော် ၉/သပက(နိုင်)၀၂၅၄၈၂ထံမှ အပြီးအပိုင်ဝယ်ယူ လက်ရောက်ရရှိထားပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေများသည် အထက်ဖော်ပြပါ အနားလေးရပ်အတွင်းရှိ ခြံဝန်းမြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အခြားသူတစ်ဦးတစ်ယောက်သို့ ရောင်းချမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားများနှင့် တကွ ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ရောင်းချမည့်သူများထံသို့ဖြစ်စေ၊ ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ–** | |
|---|---|---|
| **၁။ ဦးစန်းမောင်** | **ဦးဖိုးဇော်(LL.B,D.B.L)** | **ဒေါ်ခိုင်ဖြူဖြူသန့်(LL.B)** |
| **၂။ ဦးရွှေမန်း** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၆၀၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၄၇)** |
| | **အိမ်အမှတ်(၃၈)၊ မြို့ကွက်သစ်၊ သပိတ်ကျင်းမြို့** | **ဖုန်း–၀၉–၂၆၃၆၆၄၆၆၅၊ ၀၉–၄၀၂၅၇၇၁၆၁** |

## ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၃–၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာ အထက်တန်းဆင့် ကျောင်းသား/ကျောင်းသူများ အသုံးပြုရမည့် ဇီဝဗေဒဆိုင်ရာသင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်း များဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မှုမရှိသော တင်ဒါ(အိတ်ဖွင့်တင်ဒါ) တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါပုံစံ** | – | ၂–၂–၂၀၂၃ရက် (ကြာသပတေးနေ့) |
| | **စတင်ရောင်းချမည့်ရက်၊ အချိန်** | | နံနက် ၉:၃၀ နာရီ |
| | **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** | – | ၁၄–၂–၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၀၂:၀၀ နာရီ |
| | **တင်ဒါတင်သွင်းရမည့်နေရာ** | – | စီမံကိန်းများကြီးကြပ် အကဲဖြတ်ဌာန–၂၊ အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်၊ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်** | – | ၁၅–၂–၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) |
| | **တင်ဒါဖွင့်မည့်အချိန်** | – | နံနက် ၁၀:၀၀နာရီ |
| | **တင်ဒါဖွင့်မည့်နေရာ** | – | ရုံးအမှတ် (၁၃)၊ အခြေခံပညာဦးစီးဌာန၊ အစည်းအဝေးခန်းမ |

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်–

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စီမံကိန်းများကြီးကြပ်အကဲဖြတ်ဌာန–၂၊**
**အခြေခံပညာဦးစီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်၊**
**ဖုန်း–၀၆၇–၃၄၀၇၈၁၃၊ ၀၆၇–၃၄၀၇၈၁၄**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ အကွက်အမှတ်(၁၆–ဘီ)၊အကွက်အမည်–မြို့တွင်းအနောက်၊ ဦးပိုင်အမှတ်(၁၃၈–ခ/၂)၊ ဧရိယာ(၀ဒသမ၀၅၄)ကေရှိ ဦးဝင်းမြင့်(ခ)ဦးဝင်းထွဋ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ပဲခူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတွင် အမည်ပြောင်းလျှောက်ထားနိုင်ရေး ဒေါ်ခင်သဏ္ဍာကျော် (ဘ)ဦးကျော်ခင် ၇/ပခန(နိုင်) ၀၀၇၇၃၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ရက် မတိုင်မီ ကျွန်ုပ်ထံသို့ စာရွက်စာတမ်းစုံလင်စွာဖြင့်သော်လည်းကောင်း၊ အကျိုးအကြောင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်အေး(ဥပဒေဘွဲ့ရ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၈၉၁/၂၀၀၁)**
**တိုက်(၂/၂)၊ အဆင့်မြင့်အိမ်ရာ၊ ဗန္ဓုလလမ်း၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5924 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၃/သရက်မှော်အကွက်)၊ ဦးပိုင် (ခ–၃/၅၂)၊ ဧရိယာ ၀ဒသမ ၀၂၈ ဧကအား ဦးရန်မျိုးအောင်–ဒေါ်သိန်းသိန်းအောင် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း ဤမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးရန်မျိုးအောင်–ဒေါ်သိန်းသိန်းအောင်အား မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၄၉၉၆၃ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းတင်စန်းမြင့် ၃/လဘန(နိုင်)၀၃၁၃၁၁က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မြဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 80W/18675, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းငယ်ငယ်ထွေး ၁၃/လလန(နိုင်)၁၁၆၂၂၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၁၁)၊ ရေတွင်းလမ်း အိမ်အမှတ် မ/၂၅၉နေ ဦးဇော်နိုင်လင်း ၁၃/တကန(နိုင်)၃၅၄၉၈၄မှ ဝယ်ယူပိုင်ဆိုင်ထားသော တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၁၁) ရေတွင်းလမ်း အိမ်အမှတ် (၄၁၁) မြေကွက်၏ အရောင်းအဝယ်စာချုပ်မူရင်းနှင့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၁၁) ရေတွင်းလမ်း၊ အိမ်အမှတ် မ/၂၅၉မြေကွက်၏ အရောင်းအဝယ်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ယင်းမြေကွက်များနှင့် ပတ်သက်၍ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း တစ်စုံတစ်ရာဖြစ်ပေါ်ပါက ပိုင်ရှင်ဖြစ်သူ ကျွန်တော် ဦးဇော်နိုင်လင်းနှင့် မသက်ဆိုင်ကြောင်းနှင့် တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နိုင်လင်း**
**ဖုန်း–၀၉–၄၂၈၉၀၀၀၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/90870, အမျိုးအမည် Scoopi 110 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ Y.E.M Co., Ltd. မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆သယ/၈၄၄၂၅ အမျိုးအမည် Honda MCX Myanmar အမျိုးအစား M/Cယာဉ် လက်ဝယ်ရှိသူ ဒေါ်ဇင်မို့မို့ခိုင် ၅/ပလန(နိုင်) ၀၆၁၈၇၃ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန(မုံရွာ)**

## အမည်မှန်

ကန့်ဘလူမြို့၊ အမှတ်(၁) အထက Grade–8 (C)မှ မောင်ကောင်းခန့်ထက်နေမိုး၏ အမည်မှန်မှာ မောင်ကောင်းခန့်ထက် ဖြစ်ပါကြောင်း။

## အင်္ဂလိပ် အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/1862 ယာဉ်လက်ဝယ်ရှိသူ ဦးဝါအေး ၈/ပမန(နိုင်) ၀၁၅၁၀၉ မှ အင်္ဂလိပ် အက္ခရာ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/5882, Nissan ADVY12, Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းသိန်း ၉/မဟမ(နိုင်)၀၃၄၀၁၇ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/8897,BAJAJ 200,Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးထွန်း ၉/ပကခ(နိုင်)၀၄၃၇၈၅ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖန်းမော်ခရိုင်၊ မန်စီမြို့၊ ဆိုင်ဝမ့်ကထောင်၊ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဝင်အမှတ်(၀၁၁၁)ဖြစ်သူ ပဉ္စမတန်းမှ မောင်မိုးဝသုန်အောင်နှင့် ကျောင်းဝင်အမှတ်(၀၁၂၁)ဖြစ်သူ ဒုတိယတန်းမှ မသွန်းသံစဉ်တို့၏ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၃/ကမန(နိုင်)၁၁၄၀၄၂ ဖြစ်ပါကြောင်း။

ဦးငွေအောင်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8214 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရွှာသာကြီး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6023 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ရွှာသာကြီး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/ 86144 Honda Click 125 ယာဉ်လက်ဝယ်ရှိသူNCX Myanmar Co.,Ltd ၇၈လမ်း၊ ၂၆x၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေး မြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/67034 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ 4L Shwe Mandalar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/ 39745 Super Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိလွင် ၉/လဝန(နိုင်)၁၈၀၄၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စွမ်းအင်ဝန်ကြီးဌာန
# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
# ကြော်ငြာစာအမှတ်(၁/၂၀၂၃)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် သို့ ၂၀-၂-၂၀၂၃ရက် (တနင်္လာနေ့) (လျှောက်လွှာပိတ်ရက်) မတိုင်မီ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့် ရာထူး | လစာနှုန်း | အနိမ့်ဆုံး ပညာအရည်အချင်း | လစ်လပ်နေရာ ကျား | မ | ကျား/မ |
|---|---|---|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E | ၁ | | |
| (ခ) | ဘူမိဗေဒလက်ထောက်(၂) (စီမံရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc (Geology)(Q)(Hons;) | ၁ | | |
| (ဂ) | ဘူမိရူပဗေဒလက်ထောက်(၂) (ဘူမိရူပဗေဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Sc(Geology)(Q)/(Hons;) B.Tech(EC/EP) | ၂ | | |
| (ဃ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ထုတ်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E ( Petroleum/ EC/ EP) | ၄ | | |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂) (ပိုက်လိုင်း) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (Mechanical/ Civil) | ၃ | | ၁ |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆောက်လုပ်ရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (Civil) | | | ၂ |
| (ဆ) | အငယ်တန်းအင်ဂျင်နီယာ(၂) (လျှပ်စစ်) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EP) | ၁ | ၁ | |
| (ဇ) | အငယ်တန်းအင်ဂျင်နီယာ(၂) (ဆက်သွယ်ရေး)/(IT) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E (EC/IT) | | | ၂ |
| (ဈ) | စာရင်းကိုင်(၂) (ဘဏ္ဍာရေး) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.Com/ B.Act/B.Econ(Eco) /B.Econ(Stats) | | | ၁၀ |
| (ည) | ဒု-ကြီးကြပ်ရေးမှူး (ပစ္စည်းစီမံ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | B.E | | | ၁ |
| (ဋ) | ဒု-ကြီးကြပ်ရေးမှူး (စွမ်းအင်မူဝါဒ) | ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ဘွဲ့ရ(မဟာတက်ရောက်ရန် အဆင့်မီ) | | | ၁ |
| (ဌ) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ | ၅၃ | ၇ | ၂၃ |
| (ဍ) | စာရင်းကိုင်(၄) (ဘဏ္ဍာရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ဘွဲ့ရ+ (ဘဏ္ဍာရေးဆိုင်ရာ/ ကွန်ပျူတာလက်မှတ်) | | | ၂၀ |
| (ဎ) | စက်မှုကျွမ်းကျင်(၄) (တူးဖော်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၁၇ | | |
| (ဏ) | စက်မှုကျွမ်းကျင်(၄) (ထုတ်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EP/EC/MP) | ၂၃ | ၂ | |
| (တ) | စက်မှုကျွမ်းကျင်(၄) (စက်မှု) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI | ၄ | | |
| (ထ) | စက်မှုကျွမ်းကျင်(၄) (ဆောက်လုပ်ရေး) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (Civil) | | | ၁၀ |
| (ဒ) | လျှပ်စစ်ကျွမ်းကျင်(၄)(ဖြန့်) (လျှပ်စစ်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EP) | ၁ | | |
| (ဓ) | စက်မှုကျွမ်းကျင်(၄) (စက်ပြင်)(သယ်ပို့စက်ပြင်) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (MP/ MT/ CNC ) | ၃ | | |
| (န) | စက်မှုကျွမ်းကျင်(၄) (ဆက်သွယ်ရေး)/(IT) | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | A.GTI (EC/ IT) | | | ၄ |
| (ပ) | အီလက်ထရွန်နစ် ကျွမ်းကျင် (၅) (ဘူမိရူပဗေဒ) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၂ | | |
| (ဖ) | စက်မှုကျွမ်းကျင်(၅) (တူးဖော်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS/ ITC | ၄ | | |
| (ဗ) | စက်မှုကျွမ်းကျင်(၅) (သယ်ပို့စက်ပြင်) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၂ | | |
| (ဘ) | စက်မောင်း(၅) (ထုတ်လုပ်ရေး) | ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ | THS | ၁၄ | | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁-၁-၂၀၂၃ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ် ထက်မကြီးသူ ဖြစ်ရမည်။

(ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော www.energy.gov.mm မှ Download ရယူ၍ လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ် သို့မဟုတ် အခြေခံပညာ အထက်တန်းအောင် လက်မှတ်မိတ္တူမှန်

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း

(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

**မှတ်ချက်။** စာမေးပွဲဖြေဆိုရန် လာရောက်သည့်အချိန်နှင့် လူတွေ့စစ်ဆေးရန် လာရောက်သည့် အချိန်တို့တွင် ပူးတွဲတင်ပြထားသည့် အမှတ်စဉ်(က)မှ(င)ထိ မိတ္တူမှန်များ၏မူရင်းများကို တင်ပြရပါမည်။

၄။ သတ်မှတ်ထားသည့်စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ၁၁-၃-၂၀၂၃ရက် (စနေနေ့)နှင့် ၁၂-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ နေပြည်တော် အ-ထ-က(၇)တွင်ကျင်းပမည်ဖြစ်ပြီး အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်ထားသူများမှ ဖြေဆိုရမည်ဖြစ်ပါသည်-

(က) လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁၁-၃-၂၀၂၃ (စနေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

(ခ) လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် လျှောက်ထားသူများသည် ၁၂-၃-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီထိ၊

၆။ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀တန်း ရာထူးအတွက် လျှောက်ထားသူများသည် ရေးဖြေ ဖြေဆိုရန်မလိုဘဲ လူတွေ့စစ်ဆေးခြင်းကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအနက် သတ်မှတ်ထားသည့်အချက်အလက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့် ရရှိသူအမည်စာရင်းအား ဖော်ပြပါ Website တွင် ကြိုတင် ကြေညာပေးသွားမည်ဖြစ်ပြီး ဖြေဆိုခွင့် ကတ်ပြားများကို ၉-၃-၂၀၂၃ ရက်(ကြာသပတေးနေ့)၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင်ထုတ်ပေးသွားမည်ဖြစ်ရာ လူကိုယ်တိုင်လာရောက် ထုတ်ယူရပါမည်။

၈။ လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ တန်း ရာထူးနှင့် လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ တန်း ရာထူးအတွက် ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း၊ လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀ တန်း ရာထူးအတွက် လူတွေ့ဖြေဆိုရမည့် နေ့ရက်/အချိန်ကိုလည်းကောင်း ဖော်ပြပါ Website တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပြီး မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဖုန်း-၀၆၇-၃၄၁၁၃၃၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း

## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လျှောက်လွှာပုံစံ

**သို့**

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊
စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်။

**ဓာတ်ပုံ**

**(၁.၁ x ၁.၃ လက်မ)**

စာဖြေဌာန ----------------

၁။ လျှောက်ထားသည့် ရာထူး/အမှတ်စဉ်

(က) ----------------------------------------------------------------------

(ခ) ----------------------------------------------------------------------

(လစာနှုန်းတူ ရာထူး ၂ နေရာလျှောက်ထားနိုင်သည်)

၂။ လျှောက်ထားသူ

(က) အမည် --------------------------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ----------------------------------------

(ဂ) မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်) ----------------------------------------
(ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်)

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ ----------------------------------------

(င) ပညာအရည်အချင်း/ခုနှစ် ----------------------------------------------

(စ) နေရပ်လိပ်စာ အပြည့်အစုံ ------------------------------------------------
ဖုန်းအမှတ် ------------------------------------------------------------

(ဆ) လက်ရှိအလုပ်အကိုင်(နိုင်ငံ့ဝန်ထမ်းများအတွက်) ------------------------------
ရာထူး၊ ဌာန၊ လစာနှုန်း ------------------------------------------------------

(ဇ) ဖခင်အမည် --------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------------
အလုပ်အကိုင် ------------------------------------------------------------

(ဈ) အမိအမည် --------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------------
အလုပ်အကိုင် ----------------------------------------------------------

(ည) အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်းအမည် ------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------------------------

(ဋ) လုပ်ကိုင်ခဲ့ဖူးသောအလုပ်အကိုင်များ --------------------------------------
(နုတ်ထွက်ပြောင်းရွှေ့ခဲ့လျှင် အကြောင်းပြချက်ဖော်ပြရန်)

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်း(မိတ္တူ)များ ပူးတွဲတင်ပြပါသည်-

(က) ပညာအရည်အချင်းလက်မှတ် မိတ္တူမှန်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်(သို့မဟုတ်)အခြေခံပညာ အထက်တန်းအောင် လက်မှတ် မိတ္တူမှန်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက် မိတ္တူမှန်

(င) ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (သို့မဟုတ်) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း

(စ) ၃ လ အတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသားရန်)

၄။ အလုပ်ခန့်ထားခြင်းခံရပါက အနည်းဆုံး ၃နှစ် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ပါသည်။

၅။ အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ကြောင်း ကိုယ်တိုင်ဝန်ခံကတိပြုပါသည်။

လက်မှတ် ----------------
အမည် ----------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------
ဖုန်းနံပါတ် ----------------

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ၊ အထက(ခွဲကော့ခပုံ) GRADE-6 မှ မဇာဇာဝင်းနှင့် ဒသမတန်း(သစ်)မှ မလှလေးနွယ်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းနိုင် ၇/ပခန(နိုင်)၂၉၄၃၃၀ ဖြစ်ပါကြောင်း။

**ဦးတင်ဝင်းနိုင်**

## အမည်ပြောင်း

ကျိုက်လတ်မြို့နယ်၊ တောင်ဘို့ကြီးကျေးရွာအုပ်စု၊ ထုံးစွန်းရွာသစ်နေ ဦးဇော်မြင့်သိန်း၏သမီး မသုရတီထက်အား မသွန်းနန္ဒာထက်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မသွန်းနန္ဒာထက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2M/9794 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## မိဘအမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ Grade-9မှ မရတီစိုး၏ မိဘအမည်မှန်မှာ ဦးမြင့်ကျော် ၈/ခမန(နိုင်)၀၁၂၄၈၉ နှင့် ဒေါ်မာမာဝင်း ၈/တတက(နိုင်)၁၅၇၁၂၀ ဖြစ်ပါကြောင်း။

**ဦးမြင့်ကျော်-ဒေါ်မာမာဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5182 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/1208 TOYOTA Corolla AX10 NZE 14/1 SALOON (4x2)ယာဉ်လက်ဝယ်ရှိသူ ဦးကျော် ၁၂/ကမရ(နိုင်)၀၀၉၈၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/4484 Toyota Mark II S/L ယာဉ်လက်ဝယ်ရှိသူ ဦးစောစိမ်းထိုက် ၉/မကန(နိုင်)၁၀၀၆၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေ အမိန့်-၅ ၊နည်းဥပဒေ-၂၀) ဖျာပုံမြို့နယ်တရားရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-(၁)

| ကိုဇော်မျိုးထွန်း | နှင့် | မချိုချိုမြင့် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ခနောင်ရှမ်းကွင်းကျေးရွာနေ မချိုချိုမြင့် (ဘ)ဦးသောင်းညွန့် (ယခုလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ကိုဇော်မျိုးထွန်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေပင်သူ)
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဖျာပုံမြို့နယ်တရားရုံး**

## တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် (၁၇/၁၉)၊ တိုက်(စီ)၊ မြေညီထပ်အလယ်ခန်း၊ အကျယ်အဝန်း (၁၅ပေ x ၅၅ ပေ)ရှိ တိုက်ခန်းအား ၁၀-၁-၂၀၂၀ရက်တွင်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ကြိုင် ၁၂/အစန(နိုင်)၀၃၀၆၀၁ က အဆိုပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူထံမှ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးမြင့်ကြိုင်မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းတို့ကိုပြုလုပ်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြအေး (B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၇၅/၃၀-၁၂-၁၉၈၃)**
**အမှတ်(၆၇၄)၊ ရတနာသိခ်ီလမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၇၉၉၇၀၃၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ၁၄လမ်း၊ အမှတ်(၁၅၆၈)၊ ဧရိယာ ၀ဒသမ၀၉၇ကေ၊ (၃၂.၅x၆၅)ပေရှိ ဦးဇေယျာ ၈/မဘန(နိုင်)၀၇၉၂၁၆ အမည်ပေါက် မြေကွက်အား ယခုလက်ရှိပိုင်ဆိုင်သူ ဦးအောင်နိုင်ဝင်း ၈/တတက(နိုင်)၀၀၀၁၃၃၊ အမှတ် (၂၅၇)၊ အောင်ဇေယျာ (၄)လမ်း၊ မကွေးမြို့နေသူထံမှ ကျွန်တော်ဦးအေးကို ၈/မဘန(နိုင်)၀၃၉၃၀၀ မင်းဘူးမြို့နယ်၊ လက်ပံတောကျေးရွာနေထိုင်သူအနေဖြင့် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်တော်ဦးအေးကိုထံသို့ အထောက်အထားစာရွက်စာတမ်းခိုင်လုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအေးကို**
**ဖုန်း-၀၉-၇၉၅၀၀၈၇၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ဒေါနခြံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၈၊ ဆူးလေကုန်းမြောက်)၊ ဦးပိုင်အမှတ်(၁၀-ဋ)၊ ဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိမြေအား အမှုတွဲအမှတ် 35 V RP 2021-2022 အရ (၁-၁-၁၉၉၂) မှ (၃၁-၁၂-၂၀၂၂)ထိ ဦးမျိုးမြင့်၊ ဒေါက်တာစန်းမြင့်အောင်၊ ဦးမောင်မောင်တင့်၊ ဒေါက်တာမြန်လင်း တို့အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရှိထားသော ဝင်းမြေအား ဦးမျိုးမြင့်၊ ဒေါက်တာစန်းမြင့်အောင်၊ ဦးမောင်မောင်တင့်၊ ဒေါက်တာမြန်လင်းတို့အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မင်းကံကြီးအုပ်စု၊ အောင်စေတနာ(ခ)ရပ်ကွက်၊ ကွင်းအမှတ်(၁၆၅၆)၊ ကွင်းအမည်-ကင်းကွင်း၊ (၆)လမ်းရှိ ဦးပိုင်အမှတ် /မြေကွက်အမှတ် -၃၆၃ ဟုခေါ်တွင်သောဦးပြုံးအမည်ပေါက် ဧရိယာ ၀ ဒသမ ၀၆၀ ဧကအကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်အနက်မှ တောင်ဘက်ခြမ်းဖြစ်သည့် (တရားဝင်မခွဲစိတ်ရသေးသော) အလျား(၃၁)ပေ၊ အနံ(၄၀)ပေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကျော့ကေသီ ၈/မကန(နိုင်)၁၁၂၀၆၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျော့ကေသီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ (ဃ)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## ကုန်ပစ္စည်းအမည်များဖြင့် ခွင့်ပြုချက်မရှိ အတုအပပြု ရောင်းချနေခြင်းအပေါ် အများသိစေရန် ကြေညာခြင်း

NAING FAMILY CHERRY OO Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

{(1) EMPORIO ARMANI, (2) ARMANI EXCHANGE, (3) MICHALE KORS, (4) DIESEL, (5) SKAGEN, (6) ELLE, (7) FOSSIL} တံဆိပ်ဖြင့် နာရီများအား မြန်မာနိုင်ငံအတွင်း၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် NAING FAMILY CHERRY OO CO., LTD နှင့် Fossil Asia Pacific Ltd တို့သည် ၂၀၁၇ ခုနှစ် ဇူလိုင်လကတည်းက စာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ထိုနာရီများ၏ အမှတ်တံဆိပ်ဖြင့် အတုအပ ပြုလုပ်ရောင်းချခြင်း၊ NAING FAMILY CHERRY OO CO.,LTD ၏ ခွင့်ပြုချက်ရယူခြင်းမရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်နှင့် Online Market များပေါ်တွင် ကြော်ငြာပြီးရောင်းချနေခြင်း အစရှိသည်တို့ ပြုလုပ်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကုမ္ပဏီ၏ နစ်နာမှုအရပ်ရပ်ကိုလည်း ပေးလျော်ရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင်ဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၇၅၂/၃၀-၉-၂၀၁၃)**
**(၂/၄)ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၈၃၇၆၆၇၃၀**

## မော်လမြိုင်မြို့၊ ကြာအင်းကျေးရွာ၊ ဗညားဒလတန်ဖိုးသင့်အိမ်ရာတိုက်ခန်းများ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများ မည်သူမဆိုဝယ်ယူရန် လျှောက်ထားနိုင်ပါသည်။

၂။ (၄)ခန်းတွဲ (၄)ထပ်၊ တိုက်ခန်း (၁)ခန်းလျှင် (၆၅၀) စတုရန်းပေ အကျယ်အဝန်းရှိပြီး Master Bed (၁)ခန်း၊ ရိုးရိုးအိပ်ခန်း (၁)ခန်း၊ ဧည့်ခန်း၊ မီးဖိုခန်းတို့ ပါဝင်ပါသည်။ Bath & W/C နှင့် မီးဖိုခန်းတို့တွင် ကြမ်းခင်းကြွေပြားနှင့် နံရံ ကြွေပြား(၅')အမြင့် ကပ်ထားပြီး ပြတင်းတံခါးပေါက်များတွင် သံပန်းတပ်ဆင်ထားပြီး ဖြစ်ပါသည်။

၃။ ဗညားဒလတန်ဖိုးသင့်အိမ်ရာစီမံကိန်းရှိ ရောင်းချရန် ကျန်အခန်းများနှင့် တိုက်ခန်းရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အိမ်ခန်းအထပ် | ဈေးနှုန်း (ကျပ်သိန်း) | ရောင်းချရန်ကျန် |
|---|---|---|---|
| ၁။ | မြေညီထပ် | ၂၅.၀ | - |
| ၂။ | ပထမထပ် | ၂၂.၅ | ၁ |
| ၃။ | ဒုတိယထပ် | ၂၁.၀ | ၁၅ |
| ၄။ | တတိယထပ် | ၁၉.၅ | ၃၉ |

၄။ ရောင်းချရန်ကျန် တိုက်ခန်း(၅၅)ခန်းမှ ဦးရာလူစနစ်ဖြင့် မိမိကြိုက်နှစ်သက်ရာတိုက်ခန်းများအား ရွေးချယ်၍ ငွေသွင်းဝယ်ယူနိုင်မည်ဖြစ်ပါသဖြင့် အမြန်ဆုံး လာရောက်ဆက်သွယ်ရွေးချယ်ဝယ်ယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**အိမ်ရာရောင်းချရေးကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး**
**ဖုန်း-၀၅၇-၂၀၂၅၉၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၇. ရွှေပေါက်ကံ့)၊ မြေကွက်အမှတ်(၈၁၅)၊(၂၄၀၀စတုရန်းပေ)၊မြေကွက်တည်နေရာအမှတ်(၈၁၅)၊ညောင်ရမ်းလမ်း၊၁၇. ရွှေပေါက်ကံ့မြို့သစ်၊ဒေါ်စီကွေး(၁၂/သဃက(နိုင်)၀၃၃၉၁၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားမြေအမည်ပေါက်ဒေါ်စီကွေး(မိခင်)သည်(၁၈. ၁. ၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ ဦးမြင့်သိန်း(ဖခင်)သည်(၁၆. ၉. ၂၀၁၉)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့်(၁)ဒေါ်သန်းသန်းဝင်း(၁၂/သဃက(နိုင်)၀၈၇၁၃၆)၊(၂)ဒေါ်ခင်ဆွေဦး(၁၂/သဃက(နိုင်)၀၄၁၀၉၇)၊(၃)ဦးအောင်ဇော်မြင့်(၁၂/ဥကမ(နိုင်)၁၆၅၇၃၃)၊(၄)ဦးစိုးမြင့်အောင်(၁၂/ဥကမ(နိုင်)၁၇၀၉၈၈)တို့မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်သား/သမီးများတော်စပ်ကြောင်း၊၎င်းတို့မှလွဲ၍အခြားသူများအားမွေးစားထားခြင်း၊ကိတ္တိမသားသမီးအဖြစ်မွေးစားထားခြင်းမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၈၀၀/၁၈. ၁၀. ၂၀၂၂၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့်ဂရန်မူရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် ) မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၇-၂၀၂၂ ရက်စွဲဖြင့် ဦးဇော်မိုးအေး (ဘ)ဦးလှမြင့် ၇/သကန(နိုင်)၀၀၉၆၂၆ မှ ဦးခင်မောင်သန်း (ဘ)ဦးကျော်သောင်း ၉/ပမန(နိုင်)၁၄၇၆၁၄ သို့လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် (၂၈၆၂/၂၀၂၂)အား ၃၁-၁-၂၀၂၃ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**ဦးဇော်မိုးအေး ၇/သကန(နိုင်)၀၀၉၆၂၆**
**ဖုန်း-၀၉-၂၅၂၇၅၅၇၈၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ဆားတောင်အရှေ့ကျေးရွာတွင် "ခူဝံကြယ်" အမည်ဖြင့် ဖွင့်လှစ်ခဲ့သော ဆံပင်ရောင်းဝယ်ရေးလုပ်ငန်းမှာ ဦးနိုင်၊ စွမ်းပြည့်၊ ဦးစိုင်းနေထွန်း၊ ဦးစိုးမိုးအောင်၊ ဦးအောင်အောင်(ကျောက်မဲ)နှင့် ဦးအောင်အောင်(တောင်ကြီး)တို့(၅)ဦး ရှယ်ယာလုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်ပါသည်။ ထိုလုပ်ငန်းကို ဦးစိုင်းစွမ်းပြည့် အိန္ဒိယနိုင်ငံ၌ ချုပ်နှောင်ခံရစဉ် ကျန်(၄)ဦးမှ ပစ္စည်း/ငွေစာရင်းများပါယူဆောင်၍ လုပ်ငန်းအားဖျက်သိမ်းလိုက်ကြပါသည်။ ယခုအချိန်ထိ ဦးစိုင်းစွမ်းပြည့်နှင့် တစ်စုံတစ်ရာရှင်းလင်းပေးခြင်းမရှိဘဲ ရှောင်တိမ်းနေပါသဖြင့် ဦးစိုင်းစွမ်းပြည့်အနေဖြင့် ထိုလုပ်ငန်းမှတရားဝင်နုတ်ထွက်ကြောင်းနှင့် ထိုလုပ်ငန်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးစိုင်းစွမ်းပြည့်(ဘ) ဦးငွေဝင်း ၁၃/ကမန(နိုင်)၁၃၃၈၃၉ ကျောက်မဲမြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လုရီ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၅၆၁/၃၁-၁-၂၀၁၇)**
**သီလဝ(၃)ရပ်ကွက်၊ ရမည်းသင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိဒေါ်စမ်းစမ်းမြင့် ၁၂/လမတ(နိုင်)၀၂၂၅၂၁ (ဘ) ဦးလီခေချွမ်း အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၈၃၈)ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်၁၈၃၀°/၂၀၂၂(၃-၁၀-၂၀၂၂)ဖြင့်မြေကွက်အမည်ပေါက်၏ အထူး ကိုယ်စားလှယ်လွှဲစာရရှိထားသူဒေါ်မို့မို့အောင် ၅/မရန(နိုင်)၁၉၃၁၀၉ (ဘ)ဦးသောင်းဌေးမှ ဒေါ်နန်းရှဲန်နွန်း ၁၃/ကတန(နိုင်)၀၂၃၈၇၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရင်းခုံးမချောင်း အရှေ့ပိုင်းနေ ဦးမြင့်အောင်-ဒေါ်ခင်စန်းဦးတို့၏သား မောင်ချစ်စန်းကိုကိုသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ ၃၁-၁၀-၂၀၂၂ရက် တွင်နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးမြင့်အောင်**
**မိခင် ဒေါ်ခင်စန်းဦး**

## အများသိစေရန်ကြေညာခြင်း

MAGI VISION CO., LTD. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၈၈၄၃၀၄၇)သည် အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏ ကိုယ်ပိုင်အဖြစ်သုံးစွဲရန်အတွက် (၁၈.၁.၂၀၂၃) ရက်နေ့တွင် (၆၂၉/၂၀၂၃) ဖြင့် မှတ်ပုံတင်သွင်း ထားပြီးဖြစ်ပါသည်–

PAN Health & Beauty

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် (Dietary Supplement) ဖြည့်စွက်စာအမျိုးမျိုးတို့ကို အသွင်သဏ္ဌာန်အမျိုးမျိုး၊ ထုတ်ပိုးမှုပုံစံအမျိုးမျိုးတို့ဖြင့်လည်းကောင်း၊ အလှအပရေးရာတွင်အသုံးပြုသော ပစ္စည်းအမျိုးမျိုး (Beauty tools) တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလုပ်ကိုင် လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယင်းတံဆိပ်အမှတ်အသားကိုမှီငြမ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းမှဖြစ်စေ၊ တံဆိပ်တစ်ခုလုံး(သို့)တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန်ပုံတူကူးယူခြင်း၊ ဆင်တူယိုးမှားသံတူကြောင်းကွဲ၊ သွယ်ဝိုက်၍အတုအပပြုလုပ်သည်ကိုတွေ့ရပါက မိမိအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုနှင့် အတုအပဆင်တူယိုးမှားပြုလုပ်ထားသည့်တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဇာနည်နှင်း(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၅၅)

ဒေါ်နွယ်နီလင်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၂၄၄၅)

Libran Legal Group

အမှတ်-၅၀၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉၄၅၅၆၇၆၁၂

Info@librangroup.com , www.librangroup.com

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဥတ္တရခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၁၁

ဒေါ်လဲ့လဲ့ဝင်း **နှင့်** ဦးကိုကိုဦး

**တရားလို** **တရားပြိုင်**

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ကျိုင်းတုံလမ်း၊ အမှတ်(ဥ-၇/၃၂) ရပ်နေ ဦးကိုကိုဦး (ဘ) ဦးသောင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုဒေါ်လဲ့လဲ့ဝင်းကမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ခရိုင်တရားသူကြီး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ဇေယျာသီရိခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၆၆

သရဖူစိုးမြင့် ကုမ္ပဏီလီမိတက် (ယင်းကိုယ်စားနေပြည်တော်ရုံး တာဝန်ခံ ဦးထက်ခိုင်ထူး) **နှင့်** ၁။ဦးကျော်နိုင်ဦး ၂။ဦးကျော်မြင့် ၃။ဒေါ်သီတာဝင်း

**တရားလို** **တရားပြိုင်များ**

(၁)တရားပြိုင် ဦးကျော်နိုင်ဦး (ဘ) ဦးမြင့်ဆွေ၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့၊ ကြိုးကိုးပင် ကျေးရွာနေသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်က အရစ်ကျစနစ်ဖြင့် စက်ဝယ်ယူရာတွင် စက်ဖိုးကျန်ငွေ ကျပ်(၃၂၈) သိန်းနှင့် နစ်နာကြေးငွေကျပ်သိန်း(၁၀၀)၊စုစုပေါင်းငွေ(၄၂၈)သိန်းရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်လွင်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

## ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ထားပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် နေထိုင်သူ ဒေါ်နန်းဖြူဖောင်းနွဲ့ (၁၃/ကတန (နိုင်)၀၅၈၈၃၃) ကအောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို မိမိ၏ကိုယ်ပိုင်အဖြစ် သုံးစွဲရန် (၅.၂.၂၀၂၀) ရက်နေ့တွင် (၁၇၈၂/၂၀၂၀)ဖြင့် မှတ်ပုံတင်သွင်း ထားပြီး ဖြစ်ပါသည်–

PAN COSMETIC

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့်"Cosmetic" အလှကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး" တို့ကိုထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချ လျက်ရှိ ပါသည်။

သို့ဖြစ်ပါ၍ ယင်းတံဆိပ်အမှတ်အသားကိုမှီငြမ်း၍ အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အဖွဲ့အစည်းမှဖြစ်စေ၊ တံဆိပ်တစ်ခုလုံး(သို့)တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေရန်ပုံတူကူး ယူခြင်း၊ ဆင်တူယိုးမှားသံတူကြောင်းကွဲ၊ သွယ်ဝိုက်၍အတုအပပြုလုပ်သည် ကိုတွေ့ရပါက မိမိအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုနှင့် အတုအပဆင်တူယိုးမှားပြုလုပ်ထားသည့်တံဆိပ်များကို ပယ်ဖျက်နိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီတရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်ဇာနည်နှင်း(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၅၅)

ဒေါ်ခင်ပြည့်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၈)

Libran Legal Group

အမှတ်-၅၀၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉၄၅၅၆၇၆၁၂

Info@librangroup.com , www.librangroup.com

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တကမြင့်အောင် (ကိုယ်ပိုင်အမှတ် ၅၂၆၄၇၉) ၁၂/မဂဒ (နိုင်)၀၂၀၅၃၄ (ဘ) ဦးမောင်ရှိန် အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င)၃၉၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းမြင့် ၁၂/မဂဒ (နိုင်)၀၂၀၃၉၃ (ဘ) ဦးတင်မောင်မှ တရားဝင် အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကမြင့်အောင်သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ဦးဇာနည်ထွန်း ၁၂/မဘန(နိုင်)၀၈၄၄၆၀ နှင့် ဦးအောင်ဆန်းဇာနည် ၁၃/တကန(နိုင်)၂၉၉၅၃၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် ကြေညာအပ်ပါသည်။

SN EAGLE COMPANY LIMITED ကုမ္ပဏီမှာ ဒါရိုက်တာ အဖွဲ့ဝင် (၃)ဦးဖြစ်သည့် ဦးဇာနည်ထွန်း၊ ဦးစိုးသူဝင်းနှင့် ဦးအောင်ဆန်းဇာနည်တို့မှ ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်လုပ်ကိုင်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့နှစ်ဦးသည် ကုမ္ပဏီမှ နုတ်ထွက်သွားခဲ့ပြီးနောက် SN EAGLE COMPANY LIMITED နှင့်ပတ်သက်သော မည်သည့် လုပ်ငန်းကိစ္စကိုမှ ဆောင်ရွက်ခြင်းလုံးဝမရှိခဲ့ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ရာ ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့ နုတ်ထွက်သွားခဲ့ပြီးနောက်ပိုင်း SN EAGLE COMPANY LIMITED ကုမ္ပဏီနှင့် ပတ်သက်ဆက်နွယ်သည့် ဆောင်ရွက်မှုကိစ္စအဝဝသည် ဦးဇာနည်ထွန်းနှင့် ဦးအောင်ဆန်းဇာနည်တို့နှစ်ဦးနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန့်ဇင်ကျော်(LL.B, DBL, PGDE) (စဉ်–၁၁၆၀၅/၂၀၁၆) ယ၆/(၅၅–ခ)၊ အောင်သပြေလမ်း၊ ရန်အောင်(၁)ရပ်၊ ပျဉ်းမနားမြို့နယ်၊**

**ဦးချစ်ဖြူ(LL.B) (စဉ်–၁၃၈၈၉/၂၀၁၇) အမှတ်(၂၃၈၆)၊ ပုဂံ(၁)လမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်**

**တရားလွှတ်တော်ရှေ့နေများ**

**ဖုန်း–၀၉–၄၃၁၀၇၇၅၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၄၆၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ ဦးသောင်းဝင်း (ဘ) ဦးကျော်တင် ၉/ပမန(နိုင်)၁၀၉၆၃၃ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ကိုယ်စား ဦးမင်းရွှေ (ဘ) ဦးသောင်းကျော် ၇/ဝမန (နိုင်)၁၀၉၆၀၇ မှ ယာယီမြေပေးလက်မှတ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို အပတ်စဉ် သောကြာနေ့ညတိုင်း စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ရောက်ရှိမည့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ညီညွတ်ရေးသံစဉ်"** ခေါင်းစဉ်ဖြင့် တိုင်းရင်းသား ရိုးရာဝတ်စုံများဝတ်ဆင်၍ တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ဒေသန္တရ အလှအပဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတပိုင်းနှင့် ပြင်ပမှ နာမည်ကျော် တိုင်းရင်းသားတေးသံရှင်များ၊ **"တူယှဉ်တွဲပျော် ဂီတပွဲတော် (Season-2)"**မှ တေးသံရှင်များနှင့် စုပေါင်း၍ စင်တင်တေးဂီတဖျော်ဖြေမှု (Live Show) ကို (၃-၂-၂၀၂၃)ရက် (သောကြာနေ့)ညတွင် ထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်–

(၃-၂-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် "ညီညွတ်ရေးသံစဉ်" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုးလုံးမှိုင်း | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၂။ | မြန်မာ့ကြွေးကြော်သံ | "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" ဆုရအဆိုရှင် |
| ၃။ | မနောအလှပန်းမောင့်ချစ်သူ | "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" ဆုရအဆိုရှင် |
| ၄။ | ချင်းတောင်တန်းမှ ကြိုဆိုလျက် | တနင်္သာရီတိုင်းရင်းသူ အဆိုရှင် |
| ၅။ | တစ်ရွာသားနဲ့ပဝါပါး | ချင်းတိုင်းရင်းသား အဆိုရှင် |
| ၆။ | ယဉ်ကျေးတဲ့အင်းလေး | ရှမ်းတိုင်းရင်းသူ အဆိုရှင် |
| ၇။ | ဂီတဗိမာန် | ပြင်ပအဆိုရှင် |
| ၈။ | တို့မွေးမြေ | တနင်္သာရီတိုင်းရင်းသူ အဆိုရှင် |
| ၉။ | နှင်းပွင့်သစ္စာ | "တူယှဉ်တွဲပျော် ဂီတပွဲတော် Season-2" ဆုရအဆိုရှင် |
| ၁၀။ | ထာဝရတို့မြေအလှ | ဌာနအဆိုရှင် |
| ၁၁။ | ထာဝရငြိမ်းချမ်းရေး | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၁၂။ | စောရအိုင် | ဌာနအဆိုရှင် |
| ၁၃။ | ရတနာမြေ | Group Song |

## စက်မှုလက်မှုအထက်တန်းကျောင်း-အမှတ်(၂)
## ရန်ကုန်(ဘောင်ဒရီ)
## ၂၀၂၃-ခုနှစ်၊ (၁၈)ကြိမ်မြောက်
## မြတ်ဆရာပူဇော်ကန်တော့ပွဲ

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြု ပူဇော်ကန်တော့နိုင်ရန်နှင့် ကွဲကွာနေသော ဆရာတပည့်များ၊ သူငယ်ချင်းများ ခင်မင်ရင်းနှီးစွာ ပြန်လည်တွေ့ဆုံနိုင်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ရိုသေစွာဖြင့် ဖိတ်ကြားအပ်ပါသည်–

**ကန်တော့ပွဲအခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ (၅)ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉ နာရီမှ ၁၁ နာရီထိ

နံနက်၉:၃၀နာရီတိတိတွင်ကန်တော့ပွဲအခမ်းအနားစတင်ပါမည်။

**နေရာ** - ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။

**ဆက်သွယ်ရန်ဖုန်း။ ။ ကိုခင်ဆွေ (R-73), 09-262748590**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၉၅)ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ နှစ်(၆၀)ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှဝင်း (စီဘီ-၀၀၉၅၂၈) အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(၁၀ပေ x ပေ၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းတင်မိုး ၁၂/ဥကမ(နိုင်)၁၅၀၁၉၇မှ လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုလှိုင်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်စုစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်များအရ–**

**ဒေါ်စိုးသီတာအေး - LLB, WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ် - ၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5095 SKAT LFJ 3048 G1 Dump Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ AK Yong Fu Co.Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/76939 Jialing Jl 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်သူ ၉/မရမ (နိုင်)၀၉၂၈၈၅ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၂၁၅၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းအောင် ၁၀/ကမရ(နိုင်)၁၃၁၂၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ဃ/၆၉၃၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးသာထူး ၁၀/မလမ(နိုင်)၀၈၀၄၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ဃ/၇၀၂၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော်ဦး ၁၀/မလမ(နိုင်)၁၄၅၆၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

စာအုပ် စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/43028 ယာဉ်လက်ဝယ်ရှိသူ ဦးသစ်လွင် ၇/အတန(နိုင်)၀၇၉၄၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/7284 Mazda Demio DEJFS Hatch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ပြုံးရွှေ ၁၃/ကခန (ပြု)၀၀၀၀၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/70007 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိုး ၇/အတန(နိုင်)၀၉၄၉၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/95271 Honda C90 Custom CMR ယာဉ်လက်ဝယ်ရှိသူ ဦးပြည်ထောင်စု ၉/မနတ (နိုင်)၀၀၉၄၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/78130 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူအောင် ၇/ဖမန(နိုင်)၁၇၆၄၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/68301 ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းထက်အောင် ၇/တငန(နိုင်)၂၄၂၄၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/51816 Honda Click 125 N.C.X Myanmar Co.Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/6832 Nissan Diesel CV54V Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဆီ ၈/ဂဂန(နိုင်)၀၇၁၆၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အိုးဘိုအရှေ့ရပ်ကွက်၊ သာယာကုန်းလမ်းနေ (ဘ) ဦးခင်၏ သား ဦးကျော်နိုင်သည် အခွင့်ရဆက်သွယ်သူ ဆန္ဒဘုန်းပြည့် မိသားစုကုမ္ပဏီလီမိတက်၏ အာမခံထောက်ခံချက်ဖြင့် မော်တော်ယာဉ် 4K/2148ကို ၂-၁၀-၂၀၁၇ ရက်တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ပျဉ်းမနားဘဏ်ခွဲ)မှ အငှားဝယ်ချေးငွေစနစ်ဖြင့် ဝယ်ယူခဲ့ပါသည်။

ဦးကျော်နိုင်သည် ၁၇-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ ဦးကျော်နိုင်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ရင်ကြည်နှင့် သားဖြစ်သူ ဦးအောင်အောင်တို့မှ ပေးဆပ်ရန်ကျန်ရှိသည့် အရစ်ကျချေးငွေနှင့် နောက်ကျကြေးများအား ၂၅-၈-၂၀၂၀ ရက်တွင် ပြေကျေစွာပေးဆပ်ခဲ့ပြီး သေဆုံးကြောင်း ထောက်ခံချက်ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် စသည့် အထောက်အထားများနှင့်အတူ တင်ပြခဲ့ပြီး မော်တော်ယာဉ် 4K/2148 ၏ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများအား ပြန်လည်ထုတ်ယူရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဘဏ်သို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**(ပျဉ်းမနားဘဏ်ခွဲ)**
**အမှတ်(၁၈)၊ ရုံးလမ်း၊ ရန်အောင်တောင်ရပ်ကွက်၊**
**မင်္ဂလာရှမ်းကန်အနီး၊ ပျဉ်းမနားမြို့နယ်၊**
**ဖုန်း-၀၆၇-၈၀၂၄၃၀၉၊ ၀၆၇-၈၀၂၄၃၃၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## ကြော်ငြာစာအမှတ် (၁/ ၂၀၂၃)
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး (၁၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်း ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ဃ) ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၈)ရက်တွင် အသက် (၁၈)နှစ် ပြည့်ပြီး (၂၇) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်၊ (နိုင်ငံ့ဝန်ထမ်းနှင့် မဟာဘွဲ့ရရှိသူ ဖြစ်ပါက အသက် ၃၅ နှစ် ထက်မကျော်စေရ)

( င ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ၊ (ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)

၃။ လျှောက်လွှာပုံစံအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ Website www.mougo.gov.mm တွင် Download ရယူပြီး လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရမည်-

(က) ကိုယ်ရေးမှတ်တမ်းအကျဉ်း၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

(ဃ) (၁) လအတွင်း ရိုက်ကူးထားသော (1.5 " x 1.75 " ) အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ရေးသားရန်)၊

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) (မိတ္တူ) (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊

( စ ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း ၊ မိတ္တူ)၊

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် (မူရင်း)နှင့် သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)၊ ကိုဗစ်-၁၉ကာကွယ်ဆေး(၂)ကြိမ် ထိုးနှံပြီးကြောင်းမှတ်တမ်း (Certificate)(မိတ္တူ)၊

( ဇ ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁) လအတွင်း ရယူထားသော ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးလက်မှတ်ထောက်ခံချက် (မူရင်း)၊

( ဈ ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက် (မူရင်း)။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန Website တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) moug41umo@gmail.com သို့ ၁၄-၂-၂၀၂၃ ရက် ရုံးချိန်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက လျှောက်လွှာပုံစံ (၁) စုံအား သက်ဆိုင်ရာဝန်ကြီး ဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ ပေးပို့လျှောက်ထားရမည်။

၆။ ရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်ဆိုင်ရာ မေးခွန်းများကို ၂၅-၂-၂၀၂၃ ရက် နံနက် (၀၉:၀၀) နာရီမှ မွန်းလွဲ (၁၄:၃၀) နာရီအထိ ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည်ဖြစ်သည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများကို ၂၄-၂-၂၀၂၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာန၌ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ထုတ်ယူရမည်ဖြစ်သည်။

၈။ ဖြေဆိုခွင့်ရရှိသူများသည် ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုချိန်တွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)များ ပါရှိရမည်ဖြစ်ပြီးမပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည်မဟုတ်ပါ။

၉။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ Website www.mougo.gov.mm နှင့် ဌာနကြော်ငြာသင်ပုန်းတို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ အထောက်အထားမပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်ပါမည်။

၁၁။ ဖြေဆိုခွင့်ရရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေသို့ ဝင်ရောက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ဝင်ရောက်ရမည်ဖြစ်သည်။

၁၂။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ ဖုန်း ၀၆၇၃-၄၀၈၆၆၈၊ ၀၆၇၃-၄၀၈၆၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄
### ကွယ်လွန်သူ ဦးစိုးလွင်၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ တောင်ကိုင်းကျေးရွာ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးလွင် ကျန်ရစ်သည့် အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ တောင်ကိုင်းကျေးရွာ၊ ကွင်းအမှတ်(၅၇၄-D)၊ ဦးပိုင်အမှတ်(၁၁၄)၊ ဧရိယာ ၁ ဒသမ ၈၄ဧက အကျယ်အဝန်းရှိ ယာမြေပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးမြိုင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိုးလွင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက် ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးမြိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးအောင်)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်ဇင်မာထွေး **နှင့်** တပ်ကြပ်ကြီးမောင်ကြီး
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ (၆၆x၆၇)ကြား၊ နှင်းဆီဝါနှင့် သရဖီလမ်းကြား၊ မြို့သစ်(၁)၊ ချမ်းမြသာစည်မြို့နယ်ရပ်နေ တပ်ကြပ်ကြီးမောင်ကြီး (ဘ) ဦးလေသာအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဒေါ်ဇင်မာထွေး ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၀၄)၊ ဦးပိုင်အမှတ်(၆)၊ ၁၉လမ်းနှင့် ၂၂လမ်းကြား၊ လမ်း ၉၀နှင့် မြို့ပတ်လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ဦးထံမှ မှတ်ပုံတင်အပေးစာချုပ် အမှတ်(၄၁/၁၉၆၇)ဖြင့် ပေးကမ်းခြင်းကို ဒေါ်စိန်စိန်မှ လက်ခံခဲ့ပြီး ဖခင် ဦးဘသိန်း၊ မိခင် ဒေါ်စိန်စိန်၊ သား ဦးတင့်လွင်၊ သား ဦးမြင့်လွင်၊ ချွေးမ ဒေါ်ခင်သန်းမြင့်၊ သား ဦးကိုကိုကြီးတို့ အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သူများဖြစ်သော ဒေါ်ခင်စန်းတင့် ၉/မနမ(နိုင်)၀၇၂၄၆၁၊ ဒေါ်မိမိ ၉/မနမ(နိုင်)၀၇၂၂၉၈၊ ဒေါ်စန်းစန်းအေး ၉/မနမ(နိုင်)၀၇၂၂၉၇၊ ဦးကိုကိုလေး ၉/မနမ(နိုင်)၀၇၂၄၆၄၊ ဒေါ်သင်းသင်းနွယ် ၉/မနမ(နိုင်)၀၇၂၄၆၃၊ ဦးသူရိန်ထွန်း ၉/ကဆန(နိုင်)၁၃၈၂၈၄၊ ဒေါ်ခင်ကြည်ပြာလွင် ၉/ကဆန(နိုင်)၁၆၆၃၀၆တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ မဉ္ဇူသကလမ်းနေ ဒေါ်နန်းလင်းလင်းအောင် ၉/မကန(နိုင်)၀၁၈၇၉၁ ၏သား မောင်စိုင်းအင်းခမ်း ၁၃/ကမန(နိုင်)၀၉၈၂၅၉ သည် မိဘအားစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ငွေရေးကြေးရေး အရှုပ်အရှင်းနှင့်တကွ မည်သို့သော ကိစ္စကိုမှ (လုံး၀)လုံး၀ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်နန်းလင်းလင်းအောင်**

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အမက (အိုးတန်း)ကျောင်း၊ တတိယတန်းမှ မနန်းသူဇာ ၏ဖခင်အမည်မှန်မှာ ဦးဇော်ဦး ၅/မရန(နိုင်)၁၄၆၈၉၉ ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၈)၊ Grdae-10(S2)မှ မဆိုင်းနူးမိုင် ၏ မိခင်အမည်မှန်မှာ ဒေါ်ဂွါးချာဒွေ့ ၁/မကန(နိုင်)၁၄၆၈၂၈ ဖြစ်ပါသည်။

## ဖခင်တစ်ဦးတည်း ဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ မိုင်းနားဆိပ်၊ အမှတ်(၆၅)နေ မရွယ်ဆိုင်း ၁/မကန(နိုင်)၂၄၈၃၉၁ ၏ဖခင် ဦးအင်ခွန်ဒွတ် (ခ) ဦးအင်ခွမ်ဒွတ် ၁/မကန(နိုင်)၀၇၄၀၇၅ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## အမည်မှန်

ပေါက်တောမြို့နယ်၊ စိုးမဲကျီ၊ အလက၊ Grade-9မှ (ဘ) ဦးအစ်၏ သမီး မအေနီမ၏ အမည်မှန်မှာ မဆုထက်မြတ် ဖြစ်ပါကြောင်း။

**မဆုထက်မြတ်**

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 14U/ 6101 Bajaj 200 သုံးဘီးအား၊ မြောက်ဦးမြို့၊ တိန်ညို(တောင်)ရပ်ကွက်နေ ဦးမောင်တင်မြင့် ၁၁/မဥန (နိုင်)၀၁၄၆၆၃ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက် အထားများဖြင့် သတင်းစာ ကြော်ငြာသည့်ရက်မှ စ၍ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 11U/ 6761 Bajaj 200 သုံးဘီးအား၊ စစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဦးသောင်းဇော် ၁၁/စတန(နိုင်) ၀၆၉၆၆၉ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာ ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ) သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကမ-၃ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 12U/ 6084 Bajaj 200သုံးဘီးအား၊ စစ်တွေမြို့၊ ကသဲရပ်ကွက်နေ ဦးမောင်ဝင်း ၁၁/စတန(နိုင်)၀၇၀၄၄၉ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် သတင်းစာ ကြော်ငြာသည့် ရက်မှစ၍ ရက် ၃၀ အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက် (၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ (အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး (ငြိမ်း) ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်တို့၏မိခင်ဖြစ်သူ ဒေါ်ရီ အသက် (၉၇)နှစ်သည် ၃၀-၁-၂၀၂၃ရက် နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက် (၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ဇနီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်တို့၏မိခင်ဖြစ်သူ ဒေါ်ရီ အသက် (၉၇)နှစ်သည် ၃၀-၁-၂၀၂၃ရက် နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက် (၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးအောင်ဖြူ-(ဒေါ်နန်းမို့မို့)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး ဒေါ်ရီသည် ၃၀-၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ ရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်) ဇနီး ဒေါက်တာ ငွေငွေစိုးနှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်ခင်ပု
### အသက်(၉၆)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာဉာဏ်ထွန်းဦး၏ မိခင် ဒေါ်ခင်ပုသည် ၃၀-၁-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့၊ ၃ မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၃၆၈-ကနေ ဦးစောလင်းခိုင်-ဒေါ်ခင်နီနီအေးတို့၏ ဖခင်ကြီး ဦးတင်အေး (ဖျာပုံ) အသက် (၈၁)နှစ်သည် ၃၁-၁-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Hydra Jade Co.,Ltd. မှ ဝန်ထမ်းများ**

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
## ဒေါ်ဝေနှင်းကျော်
**B.Sc(Zoology)**
**ဌာနခွဲမှူး(လ/ထ ညွှန်ကြားရေးမှူး)**
**စီမံရေးရာဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကွယ်လွန်သွားခဲ့သည်မှာ (၁-၂-၂၀၂၃)ရက်တွင်(၁)လပြည့်သွားပြီဖြစ်သော်လည်း လွမ်းဆွတ်သတိရနေကြဆဲပါ၊ ဝေနှင်းအတွက် ပြုသမျှကောင်းမှုကုသိုလ်အဝဝကို ဝေနှင်းရောက်ရာ ဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

**ကျန်ရစ်သူမိသားစုနှင့် သူငယ်ချင်းမိတ်ဆွေများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး ချိုသန်းမောင်(ရေ)(ငြိမ်း)၊DSA($17^{th}$)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စီမံထူးချွန်(ပထမဆင့်)
### အသက်(၇၀)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဗိုလ်မှူးကြီး ချိုသန်းမောင်(ရေ)(ငြိမ်း) သည် ၂၈-၁-၂၀၂၃ရက် ည ၉:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်နုနုဆွေ**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဦးကျော် ၊ DSA($17^{th}$)
### အသက်(၆၉)နှစ်

ဦးဦးကျော်၊ DSA($17^{th}$) အသက်(၆၉)နှစ်သည် ၂၂-၁-၂၀၂၃ရက် ည ၇နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်နုနုဆွေ**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရီ
### အသက်(၉၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့(အနောက်ပိုင်း)၊ လူးထရပ်နေ (ဦးသိန်းဖေ)၏ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ ဦးမြင့်လှိုင်-ဒေါ်ခင်သန့်စင်၊ သမဝါယမ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဦးအောင်ဖြူ-(ဒေါ်နန်းမို့မို့) တို့၏ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်ရီသည် ၃၀-၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၈:၄၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီးရုံးမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ(ဖြူးမြို့)
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၄၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၇၈၇/ခနေ (ဦးအုန်း-ဒေါ်ဖွားရှင်-ဖြူးမြို့) တို့၏သမီး၊ (ဦးလတ်-ဒေါ်ပိုက်မိ၊ မန္တလေး)တို့၏ သမီးချွေးမ၊ [ဦးသန်းညွန့် (ဒုတိယဗိုလ်မှူးကြီး-ငြိမ်း]၏ ချစ်လှစွာသောဇနီး၊ ဦးလှမင်း၊ ဦးအောင်ခိုင်၊ (ဦးသက်ခိုင်)၊ဦးစိုးနိုင်၊ (ဦးအောင်ထူး)တို့၏မိခင်၊ မြေး ကိုးယောက်တို့၏ အဘွားသည် ၂၉-၁-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၂၃ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ ဒေါ်အေးသန်း
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အမှတ် ၉၊ ပဏ္ဍိတလမ်းနေ (ဦးရွှေ-ဒေါ်သိန်းညွန့်) တို့၏သမီး၊ (ဦးတင်ဦး-ဒေါ်ခင်သိန်း)၊(ဦးထွန်းအောင်-ဒေါ်လှမြင့်)၊ (ဦးလှငွေ-ဒေါ်တင်တင်အောင်)၊ ဦးတင်ဝင်း-ဒေါ်ဝင်းဝင်းကျော်တို့၏ ညီမ၊ (ဦးတင်ဦး)-ဒေါ်ခင်လေးတို့၏ အစ်မ၊တူ၊တူမ ၁၉ယောက်တို့၏ အဒေါ် ဒေါက်တာ ဒေါ်အေးသန်း သည် ၃၁-၁-၂၀၂၃ရက် နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း
# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ရီ
## အသက်(၉၇)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်(ငြိမ်း)၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)-ဒေါ်ခင်သန့်စင် တို့၏ မိခင်ဖြစ်သူ ဒေါ်ရီ အသက်(၉၇)နှစ်သည် ၃၀-၁-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**DSA($17^{th}$) ညီအစ်ကိုမိသားစုများ**

## ဝမ်းနည်းခြင်း
## ဦးဘသန်း(ခ)သလ္လာမြေမောင်သန်းနီ
### ဓမ္မဥာဏဓဇရိပ်သာ၏ တာဝန်ခံတရားပြဆရာကြီး
### အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)
### အသက်(၈၂)နှစ်

မုံရွာမြို့နေ ဒေါ်ရွှေ၏ ခင်ပွန်း၊ တရားပြဆရာကြီး ဦးဘသန်း(ခ)ကဗျာဆရာ သလ္လာမြေမောင်သန်းနီသည် ၂၉-၁-၂၀၂၃ရက်တွင် ကွယ်လွန်ခဲ့ပြီး ၃၀-၁-၂၀၂၃ရက်တွင် မုံရွာမြို့ ဆားကျင်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးသွားပြီဖြစ်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြရပါသည်။

**နာယကကြီး၊ တရားပြဆရာ ဆရာမများ**
**ရိပ်သာအသီးသီးမှ ဂေါပကများ၊ ယောဂီဟောင်းများ**
**အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အေး(ဖျာပုံ)
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ် ၃၆၈-က နေ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစောလင်းခိုင်-ဒေါ်ခင်နီနီအေး၊ ဦးသူရအေး-ဒေါ်စန်းစန်းယု၊ (ဒေါ်ဝါဝါအေး)တို့၏ဖခင်ကြီး၊ မောင်ဇေယျာထွန်း-မလင်းလက်ကြည်၊ မောင်အောင်ခန့်မိုး၊ မလမင်းအိမ်တို့၏အဘိုး ဦးတင်အေး(ဖျာပုံ)သည် ၃၁-၁-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဖခင် အမည်မှန်**

အမ်းမြို့နယ်၊ စနဲကျေးရွာအုပ်စု၊ တလိုင်းတောင် အလယ်တန်းကျောင်း Grade-9 မှ မောင်မိုးယံဟိန်း၏ ဖခင် ဦးညီချေမောင်၏ အမည်မှန်မှာ ဦးညီရွှေမောင် ၁၁/အမန(နိုင်)၀၄၅၀၈၃ ဖြစ်ပါကြောင်း။

**ဦးညီရွှေမောင် ၁၁/အမန(နိုင်)၀၄၅၀၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေရေိယာ ၀ဒသမ ၁၀၈ ဧကရှိ ဦးအောင်ကျော်စိုး ၁၂/သဃက(နိုင်)၀၀၁၁၀၀(ဘ)ဦးစိုးမြင့်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၅၆၄)ကို နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၈/၂၀၂၃(၁၉-၁-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးတင့်လွင် ၇/ပတန(နိုင်)၀၆၅၇၂၃ (ဘ)ဦးချမ်းငြိမ်းမှ ဒေါ်အေးမြတ်ချို ၃/မဝတ(နိုင်)၀၂၁၀၂၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ တာကလေးရပ်ကွက်၊ သော်တာအေး(၂)လမ်းနေ ဦးစိုးမြင့်-ဒေါ်တင်ဝင်းတို့၏ သမီး ၁၄/ဟသတ(နိုင်)၂၂၃၉၀၆၊ မသန္တာအောင်သည် အမိအဖတို့၏ဆိုဆုံးမမှုကို လက်မခံဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ၁-၂-၂၀၂၃ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးစိုးမြင့်-ဒေါ်တင်ဝင်း**

❖ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်း ရောင်းချခြင်း မဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များ မပါ) အား ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် " **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ** " ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ နည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုအဖြစ် ထည့်သွင်းဖော်ပြထားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို မဲခွဲရွေးချယ်ခဲ့ရာ မန်ယူနှင့် ဝက်စ်ဟမ်း၊ မန်စီးတီးနှင့် ဘရစ္စတိုးလ်အသင်းတို့ တွေ့ဆုံ

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီးနောက် လက်ရှိအက်ဖ်အေဖလားချန်ပီယံ လီဗာပူးနှင့် နာမည်ကြီး အာဆင်နယ်အသင်းတို့ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီး မန်ယူ၊ မန်စီးတီး၊ စပါး၊ ဘရိုက်တန်အသင်းတို့ ပဉ္စမအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။



အက်ဖ်အေဖလား ပဉ္စမအဆင့်သို့ တက်လှမ်းနိုင်ခဲ့သော မန်ယူအသင်း စတုတ္ထအဆင့်တွင် ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားစဉ်။

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်များကို မဲခွဲရွေးချယ်ခဲ့ရာ အသင်းကြီး အချင်းချင်းတွေ့ဆုံမှု ရှောင်ရှားနိုင်ခဲ့ပြီး ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းက ချန်ပီယံရှစ်ကလပ် ဘရစ္စတိုးလ်စီးတီးအသင်းနှင့် တွေ့ဆုံနေသည်။ ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ဒါဘီကို အနိုင်ရရှိခဲ့သော ဝက်စ်ဟမ်းအသင်းက ခြေစွမ်းထက်နေသည့် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဆောက်သမ်တန် အသင်းက

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍


**ယနေ့** *သတင်းအညွှန်း*

**တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ သတ္တုရိုင်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

ပြည်တွင်းသတင်း စာ ၁၂

**ဖွံ့ဖြိုးရှင်သန်လှပ မဲနယ်တောင်တန်းဒေသ (၁)**

ဆောင်းပါး စာ ၁၆



**နေပြည်တော်မြို့နယ်ရှစ်ခု၌ ဆီထွက်သီးနှံ ကေတစ်သိန်းခွဲကျော် စိုက်ပျိုးထားနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ**

ပြည်တွင်းသတင်း စာ ၁၇

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀ / ၂၀၂၃**
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ** ဆိုသည်မှာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဆိုသည်။

(ခ) **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ ကော်မရှင်က ဖွဲ့စည်းထားသော အောက်ပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ကိုဆိုသည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(၂) ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(၄) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(၅) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊
(၆) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

(ဂ) **ကော်မရှင်ရုံး** ဆိုသည်မှာ ကော်မရှင်၏လုပ်ငန်းများကို အထောက်အကူပြုရန် ဖွဲ့စည်းထားသောရုံးကိုဆိုသည်။

**အခန်း( ၂ )**
**နိုင်ငံရေးပါတီတည်ထောင်ခြင်း**

၃။ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)အရ ပါတီတည်ထောင်လိုသူအနည်းဆုံး ၁၅ ဦးသည် ဥပဒေနှင့်အညီ ပါတီတည်ထောင်ခွင့်ပြုရန် ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုံစံ(က)နှစ်စုံဖြင့် လျှောက်ထားရမည့်အပြင် ပါတီတည်ထောင်လိုသူတစ်ဦးချင်းက ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သူဖြစ်ကြောင်းနှင့် ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်များကို ပူးတွဲတင်ပြရမည်။

၄။ (က) ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားသော လျှောက်လွှာကို ပုံစံ (က)ပါ ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခံရသူကိုယ်တိုင် ကော်မရှင်သို့ လာရောက်တင်သွင်းရမည်။

(ခ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ်ထားသောပုံစံဖြင့် လျှောက်လွှာတင်သွင်းသူသို့ ထုတ်ပေးရမည်။

(ဂ) ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကို စိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၅။ ကော်မရှင်သည် နည်းဥပဒေ ၃ အရ လျှောက်ထားသော လျှောက်လွှာပါအချက်များကို စိစစ်၍ -

(က) ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုကြောင်းကို ပုံစံ(ခ)ဖြင့် အကြောင်းပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်းကို ပုံစံ(ဂ)ဖြင့် အကြောင်းပြန်ကြားရမည်။

၆။ နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ပါတီတည်ထောင်ခွင့်ပြုရန် ခွင့်ပြုချက်ရရှိသူများသည် မိမိတို့အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို ရွေးချယ်ပြီး ကော်မရှင်သို့ ပုံစံ(ဃ)ဖြင့် တင်ပြရမည်။

၇။ နည်းဥပဒေ ၆ အရ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် နည်းဥပဒေ ၅ နည်းဥပဒေခွဲ(က)အရ ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း မိမိတို့တည်ထောင်လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)နှစ်စုံဖြင့် ကော်မရှင်သို့ လျှောက်ထားရမည်။ သတ်မှတ်ရက်အတွင်း လျှောက်ထားခြင်းမရှိပါက နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က)ပါ ခွင့်ပြုချက်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားရာတွင် -

(က) လျှောက်လွှာကို ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ကိုယ်တိုင်လာရောက် တင်သွင်းရမည်။

(ခ) မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

၈။ ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဥပဒေစတင်ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်ကြေး ထပ်မံပေးသွင်းခြင်းမှအပ ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ပုံစံ(င-၁) နှစ်စုံဖြင့် ကော်မရှင်သို့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားခွင့်ရှိသည်။ အဆိုပါသတ်မှတ်ရက်အတွင်း လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အခန်း ( ၃ )**
**မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ခြင်းနှင့် မှတ်ပုံတင်ပယ်ဖျက်ခြင်း**

၉။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ဥပဒေပုဒ်မ ၅၊ နည်းဥပဒေ ၇ သို့မဟုတ် နည်းဥပဒေ ၈ အရ လျှောက်ထားလာသည့်အခါ ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာလက်ခံရရှိကြောင်းကို သတ်မှတ်ထားသောပုံစံဖြင့် လျှောက်လွှာတင်သွင်းသူသို့ ထုတ်ပေးရမည်။

၁၀။ နည်းဥပဒေ ၉ အရ ဆောင်ရွက်ပြီးနောက် ကော်မရှင်ရုံးသည် ယင်းလျှောက်လွှာပါအချက်များကို စိစစ်ပြီး မိမိ၏တွေ့ရှိချက်များနှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

၁၁။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခွင့်ပြု မပြု ဆုံးဖြတ်နိုင်ရန် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းတောင်းခံစစ်ဆေးခြင်းများ ပြုနိုင်သည်။

၁၂။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်လျှောက်လွှာကို ဥပဒေနှင့်အညီ စစ်ဆေးပြီးနောက် -

(က) ဥပဒေနှင့် ညီညွတ်ကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုကြောင်းကို ပုံစံ(စ)ဖြင့် အကြောင်းပြန်ကြားရမည်။

(ခ) ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ရမည်။ ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်းကို ပုံစံ(ဆ)ဖြင့် အကြောင်းပြန်ကြားရမည်။

၁၃။ (က) နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ(က)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(စ)ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး **၁၀၀၀၀၀** ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး **၁၀၀၀** ကိုလည်းကောင်း ပြည့်မီအောင် စည်းရုံးရမည်ဖြစ်ပြီး မိမိတို့စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေပြည့်မီသော အင်အားစာရင်းကို မြို့နယ်အလိုက် စုစည်း၍ ပုံစံ(ဇ)နှစ်စုံပြုစုပြီး ကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။

(ခ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(က)အရ မူလသတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်ဦးရေအောက် လျော့နည်းသွားပါက ကော်မရှင်သို့ ပုံစံ(ဇ-၁)ဖြင့် ဆောလျင်စွာ တင်ပြရမည်။ ထိုသို့ တင်ပြသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ဦးရေကို ပြည့်မီအောင် စည်းရုံးပြီး ပြန်လည်တင်ပြရမည်။

(ဂ) စည်းရုံးရရှိထားသော ပါတီဝင်အင်အားစာရင်းများကို ကော်မရှင်နှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လစဉ်ပြုစုပေးပို့ရမည်။

(ဃ) ပါတီတစ်ခုသည် နည်းဥပဒေခွဲ(ခ)ပါအတိုင်း သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အင်အားကို ပြည့်မီအောင် ထပ်မံစည်းရုံးတင်ပြခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၄။ (က) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(က)အရ ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို အသုံးမပြုရ။

(ခ) ပါတီတစ်ခု၏ အလံနှင့် တံဆိပ်တို့တွင် နိုင်ငံတော်အလံနှင့် တံဆိပ်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလံနှင့် တံဆိပ်၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော အဖွဲ့အစည်းများ၏ အလံနှင့် တံဆိပ်တို့ကို ထည့်သွင်း၍သော်လည်းကောင်း၊ တုပ၍သော်လည်းကောင်း အသုံးမပြုရ။

*အချပ်ပို (ခ) သို့*

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည်။

*အချပ်ပို (က) မှ*

(ဂ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏အမည်၊ အလံနှင့် တံဆိပ်တို့သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ဥပဒေပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့် တူညီနေလျှင်လည်းကောင်း၊ ဆင်တူယိုးမှား ဖြစ်နေလျှင်လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် လျှောက်လွှာကို ပယ်ရမည်။

(ဃ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသော ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကော်မရှင်က သင့်လျော်သည့်နည်းဖြင့် ကြော်ငြာရမည်။ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်ခြင်းခံရပါက ယင်းပါတီ၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်ကို ပြင်ဆင်စေရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကန့်ကွက်ခံရသောပါတီ၏ လျှောက်လွှာကို ပယ်ရမည်။

၁၅။ ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း ကော်မရှင်ကတွေ့ရှိလျှင် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်–

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(င) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ဆ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊အကြမ်းဖက်အဖွဲ့အစည်း အဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(ဇ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(ဈ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

(ည) ဥပဒေပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားခြင်း။

၁၆။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီတစ်ရပ်ရပ်သည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)၊ (၂) နှင့် (၃)တို့အရ သတ်မှတ်ထားသည့် မဲဆန္ဒနယ်များ၌ မိမိပါတီကို ကိုယ်စားပြု၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊ ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁၀)ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိလျှင် ယင်းပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ရမည်။

၁၇။ ကော်မရှင်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို နည်းဥပဒေ ၁၃၊ ၁၅ နှင့် ၁၆ တို့အရ ပယ်ဖျက်ပါက ယင်းပါတီကို နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း သက်ဆိုင်ရာပါတီသို့ ပုံစံ(ဈ)ဖြင့် အကြောင်းကြားရမည်။

၁၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း ပါတီများအား တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ကြစေရန် လိုအပ်သလို ကြီးကြပ်နိုင်သည်။

## အခန်း ( ၄ )

## ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၉။ ပါတီတစ်ခုသည် ပါတီပိုင် ရန်ပုံငွေ၊ ငွေကြေးနှင့်ပစ္စည်းများ ထိန်းသိမ်းခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည် –

(က) ပါတီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ပါတီ၏ ရငွေသုံးငွေများကို လည်းကောင်း ပြုစုထားသည့် ငွေစာရင်းစာအုပ်များ၊

(ခ) ပါတီက ဝယ်ယူရရှိထားသော ပစ္စည်းများကိုလည်းကောင်း၊ ပါတီသို့ လှူဒါန်းထားသော ငွေကြေးနှင့် ပစ္စည်းများကိုလည်းကောင်း စာရင်းရေးသွင်းမှတ်တမ်းတင်ထားသည့် မှတ်တမ်းစာအုပ်။

၂၀။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဂ) ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခု ထက်ပိုသော ပါတီများပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

၂၁။ ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို မိမိပါတီအား ကိုယ်စားပြု၍ ရွေးကောက်ခံသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ အထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ အထိလည်းကောင်း သုံးစွဲနိုင်သည်။ အဆိုပါ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်း၏ တရားဝင်ရရှိသောငွေမှလည်းကောင်း၊ တရားဝင်ရရှိထားသည့် ပါတီရန်ပုံငွေမှလည်းကောင်း ကျခံသုံးစွဲနိုင်သည်။ ယင်းအသုံးစရိတ်စာရင်းများကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်။

၂၂။ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်းစာရင်းစစ်ကော်မတီတစ်ရပ်ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက် ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

၂၃။ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က သို့မဟုတ် ကော်မရှင်၏ တာဝန်ပေးချက်ဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က စစ်ဆေးနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

## အခန်း( ၅ )

## အထွေထွေ

၂၄။ ပါတီတစ်ခုသည် ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်းပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒ သဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါပြင်ဆင်ချက်များကို ကော်မရှင်သို့ တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

၂၅။ ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများ ပူးပေါင်းလျက် ပါတီတစ်ခုတည်းအဖြစ် တည်ထောင်ဖွဲ့စည်းပြီး မှတ်ပုံတင်လိုပါက –

(က) သက်ဆိုင်ရာ ပါတီအသီးသီး၏ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများကိုယ်တိုင် လက်မှတ်ရေးထိုး၍ ကော်မရှင်သို့ ပါတီပူးပေါင်းခွင့် တင်ပြလျှောက်ထားရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် –

(၁) ပါတီများပူးပေါင်းရန် သဘောတူဆုံးဖြတ်ထားသည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများ၊

(၂) ပါတီတစ်ခုတည်းအဖြစ် ပူးပေါင်း၍ မှတ်ပုံတင်ခွင့်ရရှိပါက သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများအားလုံးသည် ပူးပေါင်းတည်ထောင်သည့် ပါတီ၏ ပါတီပိုင်ပစ္စည်းများ ဖြစ်စေရမည်ဟူသော ဝန်ခံချက်များ။

(ဂ) နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို ခွင့်ပြုကြောင်း ကော်မရှင်၏ အကြောင်းပြန်ကြားချက်ကိုရရှိပါက ပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်မည့်ပါတီသည် ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့် ထပ်မံလျှောက်ထားရမည်။ ပူးပေါင်းမည့်ပါတီများသည် ပါတီအမည်အသစ်ဖြင့် မှတ်ပုံတင်ခွင့်လျှောက်ထားပါက နည်းဥပဒေ ၇ နည်းဥပဒေခွဲ(ခ)ပါ မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ထပ်မံပေးသွင်းရမည်။ ပူးပေါင်းမည့် ပါတီများသည် မူလပါတီတစ်ခုခု၏အမည်ဖြင့်သာ ဆက်လက် မှတ်ပုံတင်ခွင့် လျှောက်ထားပါက မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်း ကို ထပ်မံပေးသွင်းရန်မလိုပါ။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ လျှောက်ထားချက်ကို ကော်မရှင်ကစိစစ်ပြီး လျှောက်ထားသည့်အတိုင်း ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်အခါ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၏ ယခင်မှတ်ပုံတင်ထားခြင်းကို အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) ပါတီများပူးပေါင်းဖွဲ့စည်း မှတ်ပုံတင်သည့်ကိစ္စတွင် ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။

(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးသည် ယင်းတို့ ပူးပေါင်းဖွဲ့စည်းမှတ်ပုံတင်လိုက်သည့် နိုင်ငံရေးပါတီ၏ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်ဟု မှတ်ယူရမည်။

**ခြွင်းချက်။** တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ်သာ ရပ်တည်လိုကြောင်း ဆန္ဒရှိပါက ထိုသို့ ရပ်တည်လိုကြောင်း ကော်မရှင်သို့ တင်ပြဆောင်ရွက်နိုင်သည်။

၂၆။ ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ထားပြီးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီအဖြစ် ပြောင်းလဲမှတ်ပုံတင်လိုလျှင်ဖြစ်စေ ယင်းပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ ပုံစံ(င)နှစ်စုံပူးတွဲ၍ ကော်မရှင်သို့ တင်ပြလျှောက်ထားနိုင်သည်။ ကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ယင်းပါတီသည် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၂၇။ ကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း၊ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း ကြေညာချက်ထုတ်ပြန်ရမည်။ ယင်းကြေညာချက်ကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဆောင်ရွက်ရမည်။

၂၈။ ကော်မရှင်သည်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည်လည်းကောင်း နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကို အခါအားလျော်စွာခေါ်ယူ၍ တွေ့ဆုံဆွေးနွေးခြင်း၊ ညွှန်ကြားခြင်းများ ပြုနိုင်သည်။

၂၉။ ဤနည်းဥပဒေများအရ ဆောင်ရွက်ရန် နောက်ဆုံးနေ့ရက်အဖြစ် သတ်မှတ်သောနေ့ရက်သည် အများပြည်သူရုံးပိတ်ရက်ဖြစ်ပါက ရုံးပြန်ဖွင့်သည့်နေ့တွင် ယင်းကိစ္စကို နောက်ဆုံးနေ့ရက်အဖြစ် ဆောင်ရွက်ခွင့်ရှိသည်။

၃၀။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇ – ၃ –၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၀ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ပုံစံ ( က )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီတစ်ခု တည်ထောင်လိုကြောင်း လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့သည် ------------------- ပါတီကို တည်ထောင်ရန် ဆန္ဒတူညီကြသဖြင့် တည်ထောင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော် / ကျွန်မတို့သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ ပါ အချက်များနှင့် ကိုက်ညီသူများဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၆ ပါ အချက်များကိုလည်း စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

၃။ ဤလျှောက်လွှာနှင့်အတူ ပါတီတည်ထောင်လိုသူ တစ်ဦးချင်းစီ၏ ဝန်ခံချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၄။ ကော်မရှင်ကဆက်သွယ်ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန် အမှတ်စဉ် ---------- ပါ ဦး/ဒေါ် -------------------- ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

ပါတီတည်ထောင်လိုသူများ

(၁) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၂) လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၃) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၄) လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၅) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၆) လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၇) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၈) လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၉) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၀)လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၁)လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၂)လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၃)လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၄)လက်မှတ်၊ ----------------------
အမည် ၊ ----------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

(၁၅) လက်မှတ်၊ --------------------
အမည် ၊ --------------------
နိုင်ငံသားစိစစ်ရေး
ကတ်ပြားအမှတ်၊ -------------
နေရပ်လိပ်စာ၊ -----------------
-----------------

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် ------------------------------ ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ---------------------------------------------ပါတီ တည်ထောင်လိုသူ ( )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို -----------------ရက်နေ့ -------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် ------ ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ ရုံးတံဆိပ် လျှောက်လွှာလက်ခံသူ

အမည်၊ ---------------------- အမည်၊ -------------------------------
တာဝန်၊ ---------------------- ရာထူး/တာဝန်၊ -----------------------
---------------------- ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

---

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုတည်ထောင်လိုကြောင်းလျှောက်ထားလွှာကိုလက်ခံရရှိခြင်း**

ဦး/ဒေါ် ------------------------------ ကို ကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ထားသော ------------------------------------------------------ပါတီ တည်ထောင်လိုသူ ( )ဦးက နိုင်ငံရေးပါတီတစ်ခု တည်ထောင်ခွင့်ပြုရန် လျှောက်ထားသည့် လျှောက်လွှာကို -----------------ရက်နေ့ ----------နာရီတွင် လက်ခံရရှိသဖြင့် ကော်မရှင်ရုံးတွင် အမှတ်စဉ် -----ဖြင့် ထိန်းသိမ်းထားရှိပါသည်။

လျှောက်လွှာပေးအပ်သူ ရုံးတံဆိပ် လျှောက်လွှာလက်ခံသူ

အမည်၊ -------------------- အမည်၊ -------------------------------
တာဝန်၊ -------------------- ရာထူး/တာဝန်၊ -----------------------
------------------------ ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

[ ပုံစံ(က)၏ ပူးတွဲ ]

**ပါတီတည်ထောင်လိုသူ၏ဝန်ခံချက်**

၁။ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ---------------- အဘ -------------၏ သား/သမီး -------------------------(မွေးသက္ကရာဇ်)-------------(အလုပ်အကိုင်) ------------- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်---------------------- ကိုင်ဆောင်ထားသူသည် -----------ပြည်နယ်/တိုင်း ------------ခရိုင်၊ --------------မြို့နယ်၊ ------- ရပ်ကွက်၊ --------------- လမ်း၊ အိမ်အမှတ်-------------- /အိမ်အမှတ် ---၊ ------- လမ်း၊--------------ရွာ၊---------------- ကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်ပါသည်။

**ရှင်းလင်းချက်။** မိမိအမှန်တကယ် ကိုင်ဆောင်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုသာ ဖော်ပြရမည့်အပြင် ယင်းသက်သေခံလက်မှတ်၏ မိတ္တူမှန်ကိုပါ ပူးတွဲတင်ပြရမည်။

၂။ ကျွန်တော်/ကျွန်မသည် -------------- ပါတီကို တည်ထောင်၍ စည်းရုံးရန် ဆန္ဒတူညီလိုလားသူတစ်ဦး ဖြစ်ပါသည်။

၃။ ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသူဖြစ်ပါသည် -

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူတစ်ဦး ဖြစ်ပါသည်။

( ခ ) အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ပါသည်။

( ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ပါ။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါ။

( င ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ပါ။

( စ ) နိုင်ငံတော်အားလက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သောအဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ပါ။

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသူ မဟုတ်ပါ။

( ဇ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ မဟုတ်ပါ။

၄။ ထို့ပြင် ကျွန်တော်/ကျွန်မသည် အောက်တွင်ဖော်ပြထားသော ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များကိုလည်း စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။

( ခ ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ပါမည်။

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်။

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ပါ။

( င ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ပါ။

( စ ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ သြဇာခံယူခြင်း မပြုပါ။

၅။ ကျွန်တော်/ကျွန်မသည် ယခုတည်ထောင်ရန် လျှောက်ထားသည့် ပါတီတစ်ခုတည်း၌သာ ပါတီဝင်အဖြစ် ပါဝင်မည်ဖြစ်ပါသည်။

၆။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်းဝန်ခံပါသည်။

လက်မှတ်၊ ------------------

အမည်၊ --------------------

ပုံစံ ( ခ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ ၊ ခုနှစ်၊ လ ရက်

သို့

ဦး/ဒေါ်---------------

----------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ ------------------- **ပါတီတည်ထောင်ရန် ခွင့်ပြုကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏-----------ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော ------------- ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ပါတီတည်ထောင်သည့်အခါ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၆ နှင့်အညီ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို အမြန်ဆုံးရွေးချယ်ပြီး ဤကော်မရှင်သို့ ပုံစံ(ဃ)ဖြင့် လာရောက်တင်ပြရမည်။

၄။ ထို့နောက် နည်းဥပဒေ ၇ နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် ပုံစံ(င)ဖြင့် အပိုမိတ္တူတစ်စုံကိုပါပူးတွဲ၍ ကော်မရှင်သို့ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို

- ရုံးလက်ခံ

*အချပ်ပို (ဂ) မှ*

ပုံစံ (ဂ)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

သို့

ဦး/ဒေါ် ----------------------

------------------------ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

အကြောင်းအရာ။ **---------------------------- ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်အား ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း**

ရည်ညွှန်းချက်။ လူကြီးမင်း၏------------ ရက်စွဲပါစာအမှတ်၊ ---------- ဖြင့် ပေးပို့သော လျှောက်ထားချက်

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လူကြီးမင်းလျှောက်ထားသော------------ ပါတီတည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ --------------- အရ ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို

- ရုံးလက်ခံ

ပုံစံ (ဃ)

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်ရွေးချယ်တင်ပြခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊-------------------------

၁။ အထက်ရည်ညွှန်းပါစာဖြင့် တည်ထောင်ခွင့်ပြုခဲ့သော -------------- ပါတီသည် မူလလျှောက်ထားစဉ်ကပါဝင်သော အဖွဲ့ဝင်အားလုံးက ------------- ရက်နေ့တွင် အစည်းအဝေးပြုလုပ်၍ အောက်တွင်ဖော်ပြသော ပုဂ္ဂိုလ်နှစ်ဦးအား ပါတီ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်အဖြစ် အများသဘောတူ ရွေးချယ်ထားပါကြောင်း တင်ပြအပ်ပါသည်။အစည်းအဝေးတက်ရောက်သူများအားလုံး လက်မှတ်ရေးထိုးထားသော အစည်းအဝေးမှတ်တမ်းကိုလည်း ပူးတွဲတင်ပြအပ်ပါသည် -

(က) ခေါင်းဆောင်

(၁) အမည်၊ --------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ---------------

(၃) အဘအမည်၊ ----------------------------------------

(၄) နေရပ်လိပ်စာ၊ -------------------------------------

(ခ) ဒုတိယခေါင်းဆောင်

(၁) အမည်၊ --------------------------------------------

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ----------------

(၃) အဘအမည်၊ ----------------------------------------

(၄) နေရပ်လိပ်စာ၊ -------------------------------------

၂။ အပိုဒ်(၁)ပါ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့၏ ထိုးမြဲလက်မှတ် နမူနာများကိုလည်း အသိအမှတ်ပြုနိုင်ရန် အောက်တွင်ဖော်ပြအပ်ပါသည် -

| (က) ခေါင်းဆောင် | (ခ) ဒုတိယခေါင်းဆောင် |
|---|---|
| လက်မှတ်၊ ---------------- | လက်မှတ်၊ ---------------- |
| ----------------- | ----------------- |
| ----------------- | ----------------- |

**မှတ်ချက်။** ကော်မရှင်ရှေ့မှောက်တွင် ကိုယ်တိုင်လာရောက်၍ လက်မှတ် နမူနာရေးထိုးရန် ဖြစ်ပါသည်။

ပါတီတည်ထောင်လိုသူများ၏ကိုယ်စားလှယ်

------------------------------------------ ပါတီ

ပုံစံ (င)

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊---------------------------

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က -------------------ပါတီအား တည်ထောင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ခွင့်ပြုခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မတို့၏ ----------------ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါအချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ ----------------------------------------------------

(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)

(ဂ) ခေါင်းဆောင်အမည်၊ -------------------------------------------

(ဃ) ဒုတိယခေါင်းဆောင်အမည်၊ -----------------------------------

(င) ပါတီတည်ထောင်ခွင့်ပြုသည့်ရက်စွဲ၊ ------------------------------

(စ) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊--------------------

---------------------------------------------------------------------

(ဆ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့် ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)

(ဇ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

--------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဈ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(သို့မဟုတ်)

--------------- တိုင်းဒေသကြီး သို့မဟုတ် -------------ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ပါသည်။

(ဋ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

--------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

(ဌ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။

(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း ပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။

(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးပါသည်။

လျှောက်ထားသူများ

| ဓာတ်ပုံ | ဓာတ်ပုံ |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------ | အမည်၊------------------------ |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊------------- | ကတ်ပြားအမှတ်၊------------- |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

*အချပ်ပို (င) သို့*

*အချပ်ပို (ဃ) မှ*

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင်ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို ---------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

လျှောက်လွှာပေးအပ်သူ လျှောက်လွှာလက်ခံသူ

အမည်၊ -------------------- အမည်၊ ------------------------
တာဝန်၊ -------------------- ရုံးတံဆိပ် ရာထူး/တာဝန်၊ ---------------
---------------------- ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

---

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

------------------------------------ ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို---------ရက်နေ့ -------- နာရီတွင် လက်ခံရရှိပါသည်။

လျှောက်လွှာပေးအပ်သူ လျှောက်လွှာလက်ခံသူ

အမည်၊ -------------------- အမည်၊ ------------------------
တာဝန်၊ ------------------- ရုံးတံဆိပ် ရာထူး/တာဝန်၊ ---------------
---------------------- ပါတီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပုံစံ ( င - ၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားခြင်း**

၁။ ကျွန်တော်/ကျွန်မတို့၏--------------------ပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ နှင့် အကျုံးဝင်သောပါတီ ဖြစ်ပါသည်။ ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ဖော်ပြပါ အချက်များကို ဖော်ပြလျှောက်ထားအပ်ပါသည် -

(က) ပါတီအမည်၊ -------------------------------------------------------------
(ခ) ပါတီ၏အလံ၊တံဆိပ် (နမူနာပူးတွဲ)
(ဂ) ခေါင်းဆောင်အမည်၊ ----------------------------------------------------
(ဃ) ဒုတိယခေါင်းဆောင်အမည်၊ --------------------------------------------
(င) ပါတီရုံးချုပ်တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊---------------------
--------------------------------------------------------------------------------
(စ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါဝင်သည့်ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ (ပူးတွဲ)

(ဆ) (၁) လျှောက်ထားသူခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၂) လျှောက်ထားသူဒုတိယခေါင်းဆောင်၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ကိုလည်းကောင်း ဖော်ပြအပ်ပါသည်။ (ပူးတွဲ)

(၃) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကို မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ပြီး ဖြစ်ပါသည်။ (ပူးတွဲ)

(ဇ) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည် ဖြစ်ပါသည်။

(ဈ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် -------------- ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည် ဖြစ်ပါသည်။

(ည) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(သို့မဟုတ်)

---------------- တိုင်းဒေသကြီး သို့မဟုတ် --------------ပြည်နယ်အတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်သည့်အတွက် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည် ဖြစ်ပါသည်။

(ဋ) (၁) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း မဟုတ်ပါ။

*အချပ်ပို (စ) သို့*

*အချပ်ပို (င) မှ*

(၂) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၃) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၄) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်းပြုသည့် အဖွဲ့အစည်း မဟုတ်ပါ။

(၅) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း မဟုတ်ပါ။

(၆) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့်ငြိစွန်းသည့် အဖွဲ့အစည်း မဟုတ်ပါ။

၂။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူများ

| ဓာတ်ပုံ | ဓာတ်ပုံ |
|---|---|
| လက်မှတ် | လက်မှတ် |
| အမည်၊------------------------ | အမည်၊------------------------ |
| နိုင်ငံသားစိစစ်ရေး | နိုင်ငံသားစိစစ်ရေး |
| ကတ်ပြားအမှတ်၊ ------------ | ကတ်ပြားအမှတ်၊ ------------ |
| ခေါင်းဆောင် | ဒုတိယခေါင်းဆောင် |

( ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထိန်းသိမ်းထားရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

-------------------------------------- ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို --------ရက်နေ့ --------နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | ရုံးတံဆိပ် | အမည်၊ ----------------------- |
| တာဝန်၊ ------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

--------------------------------------------------------------------------------

( လျှောက်ထားသူများသို့ပြန်လည်ပေးအပ်ရန် )

**နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို လက်ခံရရှိခြင်း**

--------------------------------------ပါတီက နိုင်ငံရေးပါတီတစ်ခုအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားသည့် လျှောက်လွှာကို ------------ရက်နေ့ ------------- နာရီတွင် လက်ခံရရှိပါသည်။

| လျှောက်လွှာပေးအပ်သူ | | လျှောက်လွှာလက်ခံသူ |
|---|---|---|
| အမည်၊ ------------------- | ရုံးတံဆိပ် | အမည်၊ ----------------------- |
| တာဝန်၊ ------------------- | | ရာထူး/တာဝန်၊ --------------- |
| ---------------------- ပါတီ | | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး |

ပုံစံ ( စ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ------------------------ **ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ ---------------------၏--------ရက်စွဲပါလျှောက်လွှာ

၁။ ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် လျှောက်ထားသော -------------ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုတစ်ဝန်းလုံးတွင်/---------------တိုင်းဒေသကြီး/--------------ပြည်နယ်အတွင်းစည်းရုံးမည့် နိုင်ငံရေးပါတီအဖြစ် ဤကော်မရှင်က --------------- နေ့ရက်မှစ၍ မှတ်ပုံတင်ခွင့်ပြုကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

၂။ ----------------- ပါတီ၏ မှတ်ပုံတင်အမှတ်မှာ ----------- ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့် အပိုဒ် (၁)ပါ နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့ရက်ထက် နောက်မကျစေဘဲ ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (စ)နှင့်အညီ ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀/ ၁၀၀၀ ပြည့်မီအောင်စည်းရုံးပြီး၊ ပါတီဝင်အင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဇ) နှစ်စုံဖြင့် ကော်မရှင်သို့ တင်ပြရန်ဖြစ်ပါသည်။

၄။ ပါတီဝင်အင်အား ထပ်မံစည်းရုံးရရှိပါက ပုံစံ(ဇ)ဖြင့်လည်းကောင်း၊ ပါတီဝင်အင်အား လျော့နည်းသွားပါက ပုံစံ(ဇ-၁)ဖြင့်လည်းကောင်း ဥပဒေပုဒ်မ ၁၃ နှင့်အညီ ကော်မရှင်သို့ တင်ပြရမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------

( လိပ်စာ ------------------------ )

*အချပ်ပို (ဆ) သို့*

*အချပ်ပို (စ) မှ*

ပုံစံ ( ဆ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ ------------------------ **ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း ပြန်ကြားခြင်း**

ရည်ညွှန်းချက်။ -------------------၏----------ရက်စွဲပါ လျှောက်လွှာ

ရည်ညွှန်းချက်ပါလျှောက်လွှာဖြင့် ------------------------- ပါတီအား မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ-------------------နှင့် ညီညွတ်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ဤကော်မရှင်က မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

-----------------------------
( လိပ်စာ ------------------------ )

ပုံစံ ( ဇ )

သို့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

စာအမှတ်၊
ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ပါတီဝင်အင်အားစာရင်း ပြုစုပေးပို့ခြင်း**

ရည်ညွှန်းချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊---------------------

၁။ ------------------------------- ပါတီသည် -----------------ရက်နေ့မှစ၍ အထက် ရည်ညွှန်းချက်ပါစာဖြင့် နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင်အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ သတ်မှတ်ထားသော ပါတီဝင်ဦးရေ ၁၀၀၀၀၀/၁၀၀၀ ကို ပြည့်မီအောင်စည်းရုံးပြီးဖြစ်ပါသည်။ မြို့နယ်အလိုက် စည်းရုံးရရှိပြီးသည့် ပါတီဝင် အင်အားစာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) -------------------- မြို့နယ်၊ --------------- ယောက်
(ခ) -------------------- မြို့နယ်၊ --------------- ယောက်
(ဂ) -------------------- မြို့နယ်၊ --------------- ယောက်
(ဃ) ( စသည်ဖြင့် )
မြို့နယ်ပေါင်း ------------၊ ပါတီဝင်စုစုပေါင်း-----------ယောက်

၂။ ယင်းပါတီဝင်များ၏ စာရင်းကို ပုံစံ(ဇ)၏ပူးတွဲဖြင့်ပြုစု၍ မြို့နယ်အလိုက် စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

ဥက္ကဋ္ဌ
----------------------- ပါတီ

[ပုံစံ (ဇ) ၏ ပူးတွဲ]

**-------------------- ပါတီက စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်း**
**-------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း**
**( နည်းဥပဒေ ၁၃ )**

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | ပါတီဝင်၏ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

အထက်ဖော်ပြပါ ပါတီဝင်များသည် ဥပဒေပုဒ်မ ၁၀ ပါ အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ကြပြီး အထက်စာတိုင်ပါ လက်မှတ်များမှာ ၎င်းတို့ကိုယ်တိုင် ရေးထိုးထားသော လက်မှတ်များဖြစ်ကြောင်း အောက်ပါပုဂ္ဂိုလ်များက တာဝန်ခံလက်မှတ်ရေးထိုးပါသည်။

လက်မှတ်၊ ---------------------------------- 　　 လက်မှတ်၊ ------------------------------------

ဥက္ကဋ္ဌအမည်၊ ------------------------------ 　　 အတွင်းရေးမှူးအမည်၊------------------------

*အချပ်ပို (ဇ) သို့*

*အချပ်ပို (၁၀) မှ*

ပုံစံ ( ၈-၁ )

သို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **လျှော့နည်းသွားသော ပါတီဝင်အင်အားစာရင်း တင်ပြခြင်း**

ရည်ညွှန်းချက်။ (၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ - - ရက်စွဲပါ စာအမှတ်၊ -------------------

(၂) ---------------------- ပါတီ၏ - - ရက်စွဲပါ စာအမှတ်၊ --------------------

၁။ ------------------------ ပါတီသည် --------------------------ရက်နေ့မှစ၍ အထက်ရည်ညွှန်း(၁)ပါစာအရ နိုင်ငံရေးပါတီအဖြစ် ----------- မှတ်ပုံတင် အမှတ်ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး ဖြစ်ပါသောကြောင့် ပါတီဝင်ဦးရေ ---------- ကို စည်းရုံးရရှိပြီးဖြစ်ပါကြောင်း ရည်ညွှန်း(၂)ပါစာဖြင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါတွင် အပိုဒ်(၁)ပါ စည်းရုံးရရှိပြီးသည့် ပါတီဝင်များအနက် အကြောင်းအမျိုးမျိုးကြောင့် ပါတီဝင်------------ယောက် လျော့နည်းသွားပါသဖြင့် ယင်းသို့လျော့နည်းသွားသော ပါတီဝင်စာရင်းအား ပုံစံ(၈-၁)၏ ပူးတွဲဖြင့် ပြုစု၍ မြို့နယ်အလိုက်စုစည်းပြီး အပိုမိတ္တူတစ်စုံနှင့်အတူ တင်ပြအပ်ပါသည်။

၃။ ယနေ့အထိ မိမိတို့ပါတီတွင် ပါတီဝင်အင်အား ---------------------- ဦး ကျန်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဥက္ကဋ္ဌ

------------------------ ပါတီ

[ပုံစံ(၈-၁) ၏ပူးတွဲ]

**-------------------- ပါတီတွင် လျော့နည်းသွားသော ပါတီဝင်အင်အားစာရင်း**

**-------------------- မြို့နယ်၊-------------------- ခရိုင်၊ ------------------------ ပြည်နယ်/တိုင်း**

**( နည်းဥပဒေ ၁၃ )**

| စဉ် | ပါတီဝင် အမှတ် | ပါတီဝင်အမည် | အဘအမည် | မွေးသက္ကရာဇ် | နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြုခွင့်ရ စိစစ်ရေးကတ် အမှတ် | အလုပ်အကိုင် | နေရပ်လိပ်စာ | ပါတီဝင်သည့် ရက်စွဲ | လျော့နည်းသွားသည့် အကြောင်းရင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

လက်မှတ်၊ ----------------------------------

ဥက္ကဋ္ဌအမည်၊ --------------------------------

လက်မှတ်၊ --------------------------------------

အတွင်းရေးမှူးအမည်၊---------------------------

ပုံစံ ( ၈၂ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

စာအမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **-------------------- ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ပယ်ဖျက်ပြီး နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းကြောင်း အကြောင်းကြားခြင်း**

ဤကော်မရှင်၏ ------------- ခုနှစ်၊ ------- လ ---------ရက်စွဲပါ စာအမှတ်၊ ------------- အရ -----------ပါတီအားမှတ်ပုံတင်အမှတ် -------ဖြင့် မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်းကို ------- ခုနှစ်၊ -------- လ၊ ---- ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ-------------- အရ ပယ်ဖျက်ပြီး ယင်း --------------- ပါတီကိုလည်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ --------------- အရ နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းလိုက်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

----------------------------------

( လိပ်စာ ------------------------ )